ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (1-3-2004) (၄၁၆၂)

ပဏ္ဍိတာနဥ္စ သေဝနာ
ဧတံ မင်္ဂလ မုတ္တမံ။

ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အမြဲတမ်း တီထွင်ကြံဆ အားထုတ်

လူတို့၏ အမြဲတမ်း တီထွင်ကြံဆ အားထုတ်မှုများကြောင့် လူ့အဖွဲ့အစည်းသည် ရှေ့သို့ အစဉ်အမြဲ တိုးတက်မှုရှိနေရမည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံ့ဝန်ထမ်းများက ထိထိရောက်ရောက်အလုပ်လုပ်ပြီး ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသတွင်းဖူလုံမှုရှိရန်နှင့် စီးပွားရေးဖွံ့ဖြိုးရန်လို ဒေသအလိုက် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း အလေးထားမျိုးဆောင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်တွင် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ခမောက်ကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်း၊ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် တပ်မတော်အရာရှိများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပြည်တော်အေးသာသနာ့ဗိမာန်သို့ သွားရောက်ကြပြီး ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုရှိ၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ အောင်ချမ်းသာကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိက ရေစက်ချတရားတော်ချီးမြှင့်ရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆

အမှတ်တရ စိုက်ပျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ယုဇနကုမ္ပဏီ လီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို အမှတ်တရ ချီးမြှင့်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၄၆၄၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁-၃-၂၀၀၄
(တနင်္လာနေ့)

ကျေးလက်ပြည်သူများ ကျန်းမာရေးအဆင့်မြင့်မားရေး စေတနာအပြည့်အဝထား ကြိုးပမ်းဆောင်ရွက်

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာတင့်တယ်မြင့်မားစွာ ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အချိန်ကာလဖြစ်သည်။

ယင်းသို့ နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာကြံ့ခိုင်စွာ ပါဝင်စွမ်းဆောင် ကြရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများ အပြည့်အဝရရှိခံစားနိုင်စေရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူများ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြို့ပြဒေသမှသည် ကျေးလက်အစွန်အဖျားဒေသများအထိ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် စီမံဖြည့်ဆည်းပေးလျက်ရှိရာတွင် တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသော သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများ၏ စွမ်းဆောင်နိုင်မှုသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ သူနာပြုများသည် ကျန်းမာရေးကဏ္ဍ၏ အခြေခံအကျဆုံး စွမ်းအားစုတစ်ရပ်ဖြစ်သည်နှင့်အညီ အရည်အသွေးတိုးတက်မြင့်မားရေး၊ စဉ်ဆက်မပြတ် အဆင့်မြင့် ပညာများ သင်ယူနိုင်ရေးနှင့် အဆင့်မြင့်တာဝန်များ တိုးတက်အပ်နှင်းနိုင်ရေးတို့အတွက် နိုင်ငံတော်က အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် **သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများအားလုံးက အလွန်တရာမွန်မြတ်ပြီး ကျယ်ပြန့်နက်ရှိုင်းသော ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတာဝန်များကို နိုင်ငံတော်က မိမိတို့အပေါ် ယုံကြည်စိတ်ချစွာ အပ်နှင်းထားသည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေအောင် စေတနာအပြည့်အဝထားရှိပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်ကြပါ**ဟူ၍ မှာကြားခဲ့သည်။

သူနာပြုများသည် အဆင့်မြင့်ဆေးရုံကြီးများတွင် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၏ လုပ်ငန်းဆောင်တာများကို အထောက်အကူပြု လုပ်ကိုင်ပေးကြရသကဲ့သို့ လူနာများနှင့် ထိတွေ့ဆက်ဆံပြီး ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လက်တွေ့စွမ်းဆောင်နေကြရသူများဖြစ်သည်။ ထို့အပြင် ကျေးလက်ဒေသများ၌ အခြေခံအကျဆုံး ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်လျက်ရှိကြသည်။

ထို့ကြောင့် နိုင်ငံတော်က သူနာပြုများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးဆရာ၊ ဆရာမများကို တိုးတက်ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။ သူနာပြုနှင့်သားဖွားပညာ သင်ကြားရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ယခင်ခေတ်ကာလက သူနာပြုသင်တန်းကျောင်း ခုနစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းသာ ရှိခဲ့ရာမှ ယခုအခါ တပ်မတော်သူနာပြု တက္ကသိုလ်၊ ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် မန္တလေးသူနာပြုတက္ကသိုလ် သုံးခုတို့အပြင် သူနာပြုသင်တန်းကျောင်း ၂၃ ကျောင်းနှင့် သားဖွားသင်တန်းကျောင်း ၂၀ အထိ တိုးပွားဖြစ်ထွန်းလျက်ရှိသည်။

ယခုအခါ သူနာပြုပေါင်း ၁၅၄၀၀ ကျော်နှင့် သားဖွားဆရာမ ၁၄၀၀၀ တို့က ဒေသအလိုက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာ့ဆေးပညာသမိုင်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ထူးခြားသော ခွဲစိတ်ကုသမှု လုပ်ငန်းများ၌ သူနာပြုများက တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်ခဲ့ကြသည်။ ထို့အပြင် တစ်မျိုးသားလုံး ပူးပေါင်းကာကွယ်တိုက်ဖျက်ကြရသည့် ကျန်းမာရေးဆိုင်ရာ လူထုလှုပ်ရှားမှုလုပ်ငန်းများတွင်လည်း သူနာပြုများက ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြသည်ကို တွေ့မြင်ကြားသိနေရသည်။

သို့ဖြစ်ရာ သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများအားလုံးက ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လျက်ရှိကြရာတွင် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးလုပ်ငန်းများကိုပါ စေတနာအပြည့်အဝထား၍ စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မော်တော်ယာဉ်မသုံးစွဲ ရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးတင်မောင်ထွန်း၊ တပ်ထိန်းတပ်မှူး ဗိုလ်မှူးရဲမြင့်ထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲ ရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေး အဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲ ရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သော သက်ဆိုင်ရာ တပ်/ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

ရုပ်ရှင် အနုပညာရှင်များ ခရစ်ကက်ပြိုင်ပွဲအတွက်လေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံ ခရစ်ကက် အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ မတ် ၂၁ရက်တွင် ကျင်းပမည့် ရုပ်ရှင် အနုပညာရှင်များ၏ ခရစ်ကက်ပြိုင်ပွဲ အတွက် ရုပ်ရှင် အနုပညာရှင်များသည် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း အမှတ် ၄ ၌ လေ့ကျင့်မှုများကို ဆက်လက်ပြုလုပ်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အကယ်ဒမီ ဦးထွန်းထွန်းဝင်း ခေါင်းဆောင်သော အမျိုးသား ရုပ်ရှင် အနုပညာရှင်များနှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက် ခေါင်းဆောင်သော အမျိုးသမီး ရုပ်ရှင် အနုပညာရှင်များသည် လေ့ကျင့်လျက်ရှိရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်ကျော်နှင့် ဦးမောင်မောင်၊ တွဲဖက် အတွင်းရေးမှူး ဦးမိုက်ကယ်နှင့် ကော်မတီဝင်များ၊ ဝါသနာရှင် ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ရုပ်ရှင် အနုပညာရှင်များ၏ လေ့ကျင့်မှုများအပြီးတွင် ၂၀၀၄ခုနှစ် ခရစ်ကက် အားကစားရာသီ အမှတ်ပေးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် M.V.S.C.C ခရစ်ကက်အသင်းနှင့် O.Y.C.C ခရစ်ကက် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ M.V.S.C.C ခရစ်ကက်အသင်းက ၂၃၃ မှတ်၊ ၁၅၂ မှတ်ဖြင့် အနိုင်ရပြီး ဗိုလ်စွဲသွားသည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၀) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေနေသည့် နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၄၀)ကို ယနေ့မှစ၍ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

“မီဒီယာခေတ် မကျန်ရစ်ဖို့”ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြတင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ် ဂျာနယ်တွင် ၂၀၀၃ခုနှစ်၏ ထိပ်တန်း သတင်းဖြစ်ရပ်များ၊ ကုလသမဂ္ဂပရဝဏ်အတွင်း ဝင်လာသည့် သူလျှိုအကြောင်း၊ ဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်မည့် ရုရှား၊ စပိန်နိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်စစ်ပွဲကြောင့် ရတနာပုံဆိုက်သည့် အမေရိကန်ကုမ္ပဏီကြီးများ၊ မက္ကဆီကိုနယ်စပ်ဒေသ ပြဿနာများ၊ တစ်နိုင်ငံတည်းအပေါ် ဗဟိုမဏ္ဍိုင်ပြုသည့် သီအိုရီအပေါ် သုံးသပ်ချက်၊ ကမ္ဘာ့လယ်ယာထွက်ကုန်ဈေးကွက်တစေ့တစောင်း၊ နျူကလီးယားမှောင်ခို ဈေးကွက်၊ အီရန်-အီရတ် နယ်စပ်လှုပ်ရှားမှုများ၊ နိုင်ငံတကာဟာသ၊ ခြောက်နိုင်ငံဆွေးနွေးပွဲ၊ ပြည်သူ့ ကာကွယ်ရေးဥပဒေသများ သင်ကြားရေး၊ ပုံတူမျိုးပွားပညာ၊ ကြယ်တံခွန်ဆီခရီးနှင်မည့် ဥရောပအာကာသမစ်ရှင်၊ တစ်ပတ်အတွင်း သတင်းမှတ်စု၊ အရှေ့ဥရောပသားတို့အတွက် မျှော်လင့်ချက်၊ ဉမ်ရှင်ရီကျိုဂိုဏ်း၏ ဂုရုကြီးကို သေဒဏ်အမိန့်ချမှတ်ခြင်း စသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

- ✳ မြောက်တိုင်းလည်း မမြောက်နဲ့
- ✳ ခြောက်တိုင်းလည်း မကြောက်နဲ့
- ✳ ချော့တိုင်းလည်း မပျော့နဲ့

ကျူးကျော်စစ်ပွဲကြောင့် အီရတ်နိုင်ငံ၏ အခြေခံအဆောက်အအုံများ

အကြီးအကျယ်ထိခိုက် ပျက်စီးခဲ့ရ

ကျူးကျော်စစ်ပွဲကြောင့် အီရတ်နိုင်ငံ၏ အခြေခံအဆောက်အအုံများ အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရသည်။ အီရတ်နိုင်ငံကို ပြန်လည်ထူထောင်နိုင်ရန် နိုင်ငံတကာမှအကူအညီ ငွေကြေး ဘီလျံပေါင်းများစွာ လိုအပ်နေသည်။ နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ဆောင်နိုင်ခြင်း မရှိမီမှာပင် လုံခြုံရေးအခြေအနေ ဆက်လက် ဆိုးရွားနေခြင်းကြောင့် အီရတ်ပြည်သူတို့မှာ ဒုက္ခပင်လယ်ဝေနေဆဲဖြစ်သည်။

အီရတ်နိုင်ငံ မြောက်ပိုင်း တီကရစ်မြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြောက်ဘက် ဆာမာရာမြို့တွင် ဖေဖော်ဝါရီ ၂၈ရက်က ရေနံပိုက်လိုင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

ကင်းလှည့်ပျံသန်း

ဖေဖော်ဝါရီ ၂၇ ရက်က မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသည့်အီရတ်ပြည်သူများ အပေါ်မှ ဘလက်ဟော့ခ် အမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ဝေဟင်မှ ကင်းလှည့်ပျံသန်းသည်ကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၈ ရက်က မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေကြသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၈ ရက်က လန်ဒန်မြို့တွင် အီရတ်စစ်ပွဲကို ဆန့်ကျင်ဆန္ဒပြကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၈ ရက်က မြို့တော်ဘဂ္ဂဒက်ရှိ အီရတ်အုပ်ချုပ်ရေးကောင်စီရုံး အဆောက်အအုံ ပြင်ပတွင် ဆန္ဒပြပွဲ ပြုလုပ်ရာ အမေရိကန်တပ်ဖွဲ့ဝင်များက ဆန္ဒပြသူများအချင်းချင်း တွဲဆက်ထားသော သံကြိုးကိုဆွဲယူနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းဖျက်ဆီးခံရ

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈

ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းကို ဖျက်ဆီးခံရပြီးနောက်ပိုင်းတွင် မီးစွဲလောင်နေသည်ကို တွေ့ကြရသည်ဟု သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ မီးလောင်နေသော ရေနံပိုက်လိုင်းသည် ရေနံချက်စက်ရုံနှစ်ခုကို ဆက်သွယ်ထားသော ရေနံပိုက်လိုင်းဖြစ်သည်။

လောင်ကျွမ်းနေသောမီးကို ငြိမ်းသတ်ရန်နှင့် အပျက်အစီးပမာဏ အတိုင်းအတာကို တိုင်းတာရန် အဖွဲ့သားများကို စေလွှတ်ထားပြီးဖြစ်ကြောင်း အာဏာပိုင်များက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရိုက်တာရုပ်မြင်သံကြားဌာနက ဘာဆရာမြို့၏ အပြင်ရှိ ပေါက်ပြဲပျက်စီးနေပြီး မီးတောက်လောင်နေသော ရေနံပိုက်လိုင်း၏ ရုပ်ပုံများပါသောသတင်းကို ထုတ်လွှင့်သွားသည်။ ဘာဆရာမြို့သည် ဘဂ္ဂဒက်၏မြောက်ဘက် ကီလိုမီတာ ၁၀၀ခန့်အကွာတွင် တည်ရှိသည်။ ပျက်စီးသွားသော ရေနံပိုက်လိုင်းသည် ဘဂ္ဂဒက် မြောက်ဘက်အနီးရှိ ဒိုရာရေနံချက်စက်ရုံနှင့် အခြားရေနံချက်စက်ရုံဖြစ်သော ဘာဂျီရေနံစက်ရုံတို့ကို ဆက်သွယ်ထားသော ပိုက်လိုင်းဖြစ်သည်။

ထိုပိုက်လိုင်းသည် အယ်ဂျာဇီယာကို ဖြတ်သွားသည့် ပိုက်လိုင်းဖြစ်ပြီး တိုက်ဂရစ်မြစ်နှင့် ယူဖရေးတီးမြစ်တို့ အကြားတွင် တည်ရှိသည်။ ယင်းဒေသသည် အမေရိကန်ဦးဆောင်သောတပ်များ မကြာခဏ တိုက်ခိုက်ခံရလေ့ရှိသော ဒေသအတွင်းတွင် ကျရောက်သည်။

အီရတ်တွင် ဓာတ်ဆီရှားပါးမှုကို သက်သာရာရစေရန် ဖော်ပြပါရေနံချက် စက်ရုံနှစ်ရုံသည် ပြီးခဲ့သော နှစ်လတာအချိန်အတွင်း ထုတ်လုပ်မှုတိုးချဲ့ခဲ့ကြသည်။

ရေနံပိုက်လိုင်းများကို တိုက်ခိုက်မှုများသည် ပြည်တွင်းရေနံပို့လွှတ်ရာ လမ်းကြောင်းများဖြစ်သည့် ရေနံမြေအချင်းချင်း ဆက်သွယ်သောလိုင်းများ၊ ရေနံမြေနှင့် ရေနံချက်စက်ရုံ ဆက်သွယ်သောလိုင်းများ၊ ရေနံသိုလှောင်ကန်များနှင့် ဆက်သွယ်ရာလိုင်းများနှင့် ပြည်ပသို့ရေနံတင်ပို့ရာလိုင်းများကို ဦးတည် တိုက်ခိုက်နေခြင်းဖြစ်သည်ဟုဆိုသည်။

မကြာသေးမီက ဖြစ်ပေါ်လာသော ကာဘာလာမြို့အနီး ရေနံပိုက်လိုင်း တိုက်ခိုက်မှုကြောင့် ပူပန်မှုများ တိုး၍ ဖြစ်ပေါ်လာသည်။ ရေနံပိုက်လိုင်း ဖျက်ဆီးမှုများသည် မြောက်ပိုင်းမှတောင်ပိုင်းအထိ ကျယ်ပြန့်လာပြီလောဟု သံသယဖြစ်လာကြကြောင်း သတင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နိုင်ငံ ကဘူးလေဆိပ် ပြုပြင်တည်ဆောက်မည်

ကဘူး ဖေဖော်ဝါရီ ၂၉

ယခုသီတင်းပတ် သောကြာနေ့က ကဘူးမြို့တွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်အရ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အာဖဂန်အစိုးရတို့သည် ကဘူး အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြန်လည်တည်ဆောက်ရန် အာမခံချက်ရထားပြီဖြစ်သည်။

အဆိုပါလေဆိပ်စီမံကိန်းအတွက် ဒေါ်လာ၄၂ သန်းနှင့် သန်း ၆၀ ကြား ကုန်ကျမည်ဖြစ်သည်။ အဆိုပါ လေဆိပ် ပြုပြင်တည်ဆောက်ရန် နေတိုး၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့နှင့် ကြားဖြတ်အစိုးရတို့က စုပေါင်းထည့်ဝင်မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးသည့် အခမ်းအနားအပြီးတွင် အာဖဂန်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာအဗ္ဗဒူလာက သတင်းထောက်များအား ပြောကြားသည်။

အာဖဂန်နစ္စတန်ဆိုင်ရာ ကိုယ်စားလှယ် အဒမ်ကိုဘိုင်ရာကီက အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ၎င်းအနေဖြင့် အာမခံချက်အပြည့်အဝပေးကြောင်း ယင်းအခမ်းအနားတွင် ပြောကြားသည်။ အနှစ် ၂၀ကြာ စစ်ပွဲကာလများအတွင်း အကြီးအကျယ် ဖျက်ဆီးခြင်းခံရသဖြင့် အာဖဂန်မြို့တော်တွင် တစ်ခုတည်းသာရှိသော ကဘူး လေယာဉ်ကွင်း ပျက်စီးယိုယွင်းနေသည်။ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့၏ ကိုယ်စားလှယ် ဘာရှားဟာကင်က မိုးလေဝသအခြေအနေ ဆိုးရွားချိန်တွင် လေယာဉ်များ ဆင်းနိုင်တက်နိုင်ရေးအတွက် လိုအပ်သော စက်ကိရိယာ တပ်ဆင်မှုနှစ်ခုကို ဧပြီလဆန်းပိုင်းတွင် စတင်ဆောင်ရွက်မည်ဟုပြောဆိုကာ ၎င်းတို့အဖွဲ့ အနေဖြင့် အဆိုပါလေယာဉ်ကွင်းစီမံကိန်းအတွက် ထောက်ပံ့ကူညီမည်ဟုအာမခံပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖေဖော်ဝါရီ၂၆ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆက်သွယ်ရေးမျှော်စင်တွင် တယ်လီဖုန်းလိုင်းများကို စစ်ဆေးနေသည့် အီရတ် အတတ်ပညာရှင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဖရိကနိုင်ငံများကြိုးပမ်း

ကိပ်တောင်း ဖေဖော်ဝါရီ ၂၈

ကမ္ဘာ့ သစ်တောများ အနက် ဒုတိယအကြီးဆုံးဖြစ်သည့် ကွန်ဂိုဒေသ၌ နို့တိုက်သတ္တဝါများ အပါအဝင် ဇီဝမျိုးစုံမျိုးစိတ်ကွဲများ မှီတင်းနေထိုင်ရာ နေရာဖြစ်သည်။ ၎င်းသဘာဝ သစ်တောအတွင်း စည်းကမ်းမဲ့ သစ်ခုတ်လှဲခြင်းကြောင့် လျင်မြန်စွာ ပြုန်းတီးလျက်ရှိရာ မူရင်းသစ်တော၏ ၁၅ ရာခိုင်နှုန်းသာ အကောင်းပကတိ ကျန်တော့ကြောင်း ပြောကြားသည်။

သစ် တော များ အား စနစ်တကျ ခုတ်လှဲရေးနှင့် ပြန်လည် ပြုစုပျိုးထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ***စီအက်ဖ်အိုင်။***

အမေရိကန်သည် အီရန်နိုင်ငံရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြု ပြည်တွင်း၌ ပြဿနာအသစ်များပေါ်အောင် ဖန်တီးလုပ်ဆောင်နေ

တီဟီရန် ဖေဖော်ဝါရီ ၂၈

ဩဇာတိက္ကမကြီးမားသူ အီရန်သမ္မတဟောင်းက အမေရိကန်သည် အီရန်နိုင်ငံရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုပြီး ပြည်တွင်း၌ ပြဿနာအသစ်များပေါ်အောင် ဖန်တီးခြင်းများကိုပြုလုပ်ကြောင်း၊ ယခုအခါ ထိုလုပ်ရပ်များသည် မအောင်မြင်ဘဲ ကျဆုံးသွားပြီဖြစ်ကြောင်း သောကြာနေ့က ပြောကြားခဲ့သည်။

အဆုံးအဖြတ်ပေး

ရပ်ဖ်ဆန်ဂျာနီသည် အီရန်နိုင်ငံ၏ နိုင်ငံရေးအထောက်အကူပြု ကောင်စီ၏ဥက္ကဋ္ဌဖြစ်သည်။ ထိုကောင်စီသည် နိုင်ငံအတွက် အရေးကြီးသောကိစ္စများကို ကိုင်တွယ်ရာ၌ အဆုံးအဖြတ်ပေးလေ့ရှိသည်။ အီရန်နိုင်ငံ ပါလီမန်ရွေးကောက်ပွဲတွင် လူအများအပြားလာရောက်မဲပေးကြသည့်အတွက် မိမိအနေဖြင့် များစွာနှစ်ထောင်းအားရ ဖြစ်ရသည်ဟု ပရိသတ်ကြီးကို ရပ်ဖ်ဆန်ဂျာနီက ပြောကြားလိုက်သည်။

ရှုံးနိမ့်သွား

အထက်ပါရွေးကောက်ပွဲရလဒ်သည် အီရန်၏ရန်သူ အမေရိကန်တို့ ရှုံးနိမ့်သွားခြင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု ရပ်ဖ်ဆန်ဂျာနီက အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းပြခဲ့သည်။ အထက်ပါရှင်းလင်းချက်ကို အီရန်ရွေးကောက်ပွဲနှင့်သက်ဆိုင်သော အမေရိကန်သမ္မတ၏ မှတ်ချက်စကားကို ကြားသိရပြီးနောက် ပြောကြားသွားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရန်ရွေးကောက်ပွဲ၏ ရလဒ်နှင့်ပတ်သက်၍ မိမိစိတ်ပျက်မိကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ အမေရိကန်တို့သည် ရွေးကောက်ပွဲတွင် ၎င်းတို့လိုလားသောလူများ အနိုင်ရရှိစေလိုသော သဘောရှိသည်။ သို့မဟုတ်လျှင်လည်း လူအများအနေဖြင့် မဲဆန္ဒပေးဘဲနေစေလိုသော ဆန္ဒရှိကြသည်ဟု ရပ်ဖ်ဆန်ဂျာနီက ဆိုသည်။ ရွေးကောက်ပွဲမကျင်းပမီတွင် ပြုပြင်ရေးဝါဒီတို့ကို ရွေးကောက်ပွဲဝင်ရန် အရည်အချင်း မပြည့်မီသူများအဖြစ် သတ်မှတ်ကာ ရွေးကောက်ပွဲဝင်ခွင့်မှ ပယ်ဖျက်ထားခဲ့သည်။ မိုဟာမက်ခါတာမီ ခေါင်းဆောင်သောပါတီမှလွဲ၍ ကျန်ပြုပြင်ရေးသမားပါတီ အများစုသည် ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။

ယခုရွေးကောက်ပွဲရလဒ်သည် ကမ္ဘာ့အလယ်တွင် အီရန်နိုင်ငံသည် အောင်မြင်မှုရခဲ့သည်ကို ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု အရာရှိများက ပြောကြား သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မီးလောင်ပျက်စီး

ဖေဖော်ဝါရီ၂၇ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် အသေခံ ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးခဲ့သည့် ကားများကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တော်ဝင် မိသားစုများ၏ ဓာတ်ပုံများ ပြတိုက်သို့ လွှဲပြောင်း

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ၏ ရှေးဟောင်း အမွေအနှစ်သမိုင်းဝင် အထောက်အထားများသည် အီရတ်စစ်ပွဲအတွင်းက ပျက်စီးမှုများ၊ လုယက်ခံရမှုများကြောင့် ပျောက်ဆုံးခဲ့ကြရသည်။

အီရတ်နိုင်ငံ ထူထောင်စတွင် အုပ်စိုးခဲ့သည့် တော်ဝင်မိသားစုများ၏ မှတ်တမ်းတင်ဓာတ်ပုံများနှင့် အသုံးအဆောင်များ သိမ်းဆည်းထားရာ အီရတ်နန်းတော်ပြတိုက် အဆောက်အအုံသည် စစ်ပွဲအတွင်းက အမေရိကန်တို့ ဗုံးဒဏ်ခံခဲ့ရပြီး ပြိုလဲပျက်စီးခဲ့ရသည်။ ***စီအင်န်အင်န်။***

ဟာလီဘာတန်ကုမ္ပဏီ၏ ကုန်ကျစရိတ်စီမံခန့်ခွဲမှု အားနည်းချက် စာရင်းစစ်များက တွေ့ရှိဟု အစီရင်ခံစာ၌ ဖော်ပြ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

မိမိတို့ကုမ္ပဏီမှ မန်နေဂျာများနှင့် စာရင်းစစ်များသည် ကုမ္ပဏီ၏ ကုန်ကျစရိတ်စီမံခန့်ခွဲမှုတွင် အားနည်းချက်များအား စစ်ဆေးတွေ့ရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုမှ ဟာလီဘာတန်ကုမ္ပဏီက ပြောကြားသည်ဟု သောကြာနေ့ထွက် ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

ခေတ်မမီ

မိမိတို့၏ ကုန်ကျစရိတ်ထိန်းချုပ်ရေးစနစ်သည် ခေတ်မမီတော့ဘဲ ပြည့်စုံလုံလောက်မှုမရှိကြောင်း ဟာလီဘာတန်၏ ကန်ထရိုက်ခွဲကုမ္ပဏီဖြစ်သည့် ကယ်လော့ဂ်ျဘရောင်းအင်ရှသ်(ကေဘီအာ)က ထုတ်ဖော်ဝန်ခံလိုက်ကြောင်း ကုမ္ပဏီ၏ စာရင်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းများဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။ စာမျက်နှာ ၁၈ မျက်နှာပါရှိသည့် အစီရင်ခံစာတွင် အဆိုပါအဖွဲ့က ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းအပိုင်းတွင် အားနည်းသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာသည် အမေရိကန်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ရန် ကုမ္ပဏီ၏ ငွေကြေးအမြောက်အမြားရရှိမည့် ကန်ထရိုက်အရ ပိုမိုသတ်မှတ်ကောက်ခံသည်ဆိုသော ကေဘီအာအား ကန့်ကွက်ပြောဆိုသူများ၏ စွပ်စွဲမှုကို ဝန်ခံလိုက်ခြင်းပင်ဖြစ်သည်။

ထို့အပြင် ကုမ္ပဏီ၏ ထိန်းချုပ်မှုစနစ်သည် တိကျမှုရှိကြောင်း လွန်ခဲ့သည့်လက ကေဘီအာဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ရန်ဒီဟဲလ်၏ အခိုင်အမာပြောဆိုမှုကို စိန်ခေါ်ရာလည်းရောက်စေခဲ့သည်။

လိုက်လျောညီထွေမရှိ

ကေဘီအာ၏ ထိန်းချုပ်ရေးစနစ်သည် အလျင်အမြန်လိုအပ်နေသော အီရတ်နိုင်ငံမှ အခြေအနေနှင့် လိုက်လျောညီထွေ မရှိကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ***အင်တာနက်။***

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ အမြန်ဆုံးထွက်ခွာသင့် ဖော်လူဂျာမြို့မှ အီရတ်ထောင်ပေါင်းများစွာ ဆန္ဒပြ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ၏ အနာဂတ်နိုင်ငံရေး အခြေအနေသည် ရှုပ်ထွေးလာနိုင်ကြောင်း သိရှိရသည်။

အီရတ်နိုင်ငံမှ တာဝန်ရှိသူများက ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် ရေးဆွဲပြီး အီရတ်ပြည်သူလူထုထံ တင်ပြရမည့် သတ်မှတ်ရက် ရောက်ရှိလာချိန်တွင် ကျူးကျော်သူ အမေရိကန်တပ်ဖွဲ့ဝင်များကို အများဆုံး ခုခံတိုက်ခိုက်သည့် ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ ဖော်လူဂျာမြို့၌ နေထိုင်သည့် အီရတ်လူမျိုးထောင်ပေါင်းများစွာ စုဝေးကာ အမေရိကန်တပ်ဖွဲ့ဝင်များ နိုင်ငံအတွင်းမှ အမြန်ဆုံး ထွက်ခွာသွားကြရန် သတိပေးလိုက်ပြီး ခေါင်းဆောင်သစ် ရွေးချယ်ရေးနှင့် အမေရိကန်တို့ကို တိုက်ထုတ်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် ကြွေးကြော်ချီတက်ဆန္ဒပြခဲ့ကြသည်။

ကြိုးပမ်းနေ

ယင်းအတောအတွင်းမှာပင် အီရတ်အုပ်ချုပ်မှုကောင်စီဝင်များသည် အခြေခံဥပဒေရေးဆွဲသည့်ကိစ္စနှင့် ပတ်သက်ပြီး သဘောတူညီမှုရယူရန် ကြိုးပမ်းနေကြသည်။

အီရန်တွင် အုပ်ချုပ်နေသည့် အစိုးရမျိုးကို အီရတ်တို့က အလိုမရှိကြောင်း၊ အီရတ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ရှိကြောင်း သြဇာတိက္ကမကြီးမားသည့် ခေါင်းဆောင်တစ်ဦးက ပြောကြားလိုက်သည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြ

ဖေဖော်ဝါရီ၂၇ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြနေကြသည့် အီရတ်ပြည်သူများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိုလံပစ်ပြိုင်ပွဲသို့ အီရတ်နိုင်ငံ ပြန်လည်ယှဉ်ပြိုင်ခွင့်ရ

အေသင် ဖေဖော်ဝါရီ ၂၇

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက အီရတ်နိုင်ငံကို လွန်ခဲ့သော ကိုးလတာကာလက ပြိုင်ပွဲဝင်ခွင့်ကို ဆိုင်းထားခဲ့သော်လည်း ယခုအခါ ယင်းဆိုင်းငံ့ထားသည့်ကိစ္စကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

သို့ဖြစ်၍ယခုအခါ အီရတ်အားကစားသမားများသည် အီရတ်အလံတော်အောက်၌ ၎င်းတို့၏နိုင်ငံကို ကိုယ်စားပြုပြီး လာမည့်ဩဂုတ်လတွင် ကျင်းပရန်ရှိသော အေသင်အိုလံပစ်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲကြတော့မည် ဖြစ်သည်။ အေသင်အိုလံပစ်ပြိုင်ပွဲကို ဩဂုတ်လ ၁၃ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားရန် ရှိသည်။

ဖေဖော်ဝါရီ ၂၇ ရက်သည် အီရတ်နိုင်ငံနှင့် အီရတ်အားကစားသမားများ အိုလံပစ်ပြိုင်ပွဲသို့ ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသောနေ့ဖြစ်၍ ထူးခြားလှသောနေ့ပင် ဖြစ်သည်ဟု အာမက် အယ်ဆာမာရီးယားက ပြောကြားသည်။ ၎င်းသည် အီရတ်အမျိုးသား အိုလံပစ်ကော်မတီ(အင်အိုစီ)၏ ဥက္ကဋ္ဌ ဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတောင်ပိုင်း၌ အီရတ်အရပ်သားများ သေဆုံးမှု ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန စွပ်စွဲချက်များနှင့်ရင်ဆိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၂၉

အီရတ်နိုင်ငံတောင်ပိုင်းဒေသရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခဲ့သည့် အီရတ်အရပ်သားများ သေဆုံးမှုနှင့် ပတ်သက်၍ စွပ်စွဲသော အမှုအခင်းများကို ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ဆက်တိုက်ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဖြင့် သေဆုံးသူ အချို့၏ မိသားစုဘက်များမှ လိုက်သော ရှေ့နေများက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

သေဆုံးသူများ၏ မိသားစုများအတွက် လျော်ကြေးတိုးမြှင့်ပေးရန်နှင့် အီရတ်နိုင်ငံသား သေဆုံးမှုများနှင့် ပတ်သက်သည့် အခြေအနေများကို စုံစမ်းစစ်ဆေးရန်လည်း မိမိတောင်းဆိုကြောင်းဖြင့် ရှေ့နေများက ပြောကြားသည်။ ယင်းသေဆုံးသူများမှာ ဗြိတိသျှတပ်ဖွဲ့ဝင်များ တိုက်ခိုက်စဉ် ဘေးမှ ရပ်ကြည့်ရင်း သေဆုံးသူများဖြစ်သည်။

– ပေါ်ပေါက် –

ဗြိတိသျှလုံခြုံရေးဆိုင်ရာ သူလျှိုများက အီရတ်စစ်ပွဲမဖြစ်မီကာလအတွင်း ကုလသမဂ္ဂရုံးအား သတင်းများခိုးယူနားထောင်ခဲ့သည်ဟု ဝန်ကြီးဟောင်း ကလဲယားရှော့က လွန်ခဲ့သည့်ရက်သတ္တပတ်က စွပ်စွဲပြောကြားခဲ့သည့်နောက် ပွက်လောရိုက်နေသည့် ပြဿနာကို ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ငြိမ်သက်ရန် ကြိုးပမ်းနေစဉ် ယင်းသတင်းပေါ်ပေါက်လာခြင်းဖြစ်သည်။

ရှေ့နေများက ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းအနေဖြင့် ယင်းသေဆုံးမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ အလျင်အမြန်ဖွဲ့စည်းရန် စာရေး၍ တောင်းဆိုလိုက်ပြီး သို့မှသာ ဥပဒေမဲ့ သတ်ဖြတ်မှုများအတွက် ကာကွယ်ရေးဌာနအနေဖြင့် တာဝန်ရှိမှုကိုလက်ခံကာ အိမ်ထောင်စု ၁၃စုအား သေဆုံးမှုအတွက် လျော်ကြေး အပြည့်အဝ ပေးရမည်ဖြစ်ကြောင်း ရှေ့နေများက ပြောကြားသည်။

– တာဝန်မရှိ –

ဗြိတိသျှကာကွယ်ရေးဌာနက လျော်ကြေးငွေအဖြစ် ပေါင် ၁၅၀၀၀ကို လွန်ခဲ့သည့် မေလနောက်ပိုင်းတွင် ပေးအပ်ခဲ့ကြောင်း၊ သို့သော် သေဆုံးမှုအတွက် ၎င်းတို့တွင် တာဝန်မရှိဟု ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖွံ့ဖြိုးဆဲ ဂျီ–၁၅ အုပ်စု ထိပ်သီးဆွေးနွေးပွဲ ကျင်းပ

ကရာကာ့စ် ဖေဖော်ဝါရီ ၂၇

လက်တင်အမေရိက၊ အာရှနှင့် အာဖရိကမှ ဖွံ့ဖြိုးဆဲနိုင်ငံ ၁၉ နိုင်ငံမှ ကိုယ်စားလှယ်များသည် ဗင်နီဇွဲလားနိုင်ငံ ကရာကာ့စ်မြို့တွင် ကျင်းပလျက်ရှိသည့် ဂျီ–၁၅ အဖွဲ့၏ ထိပ်သီးညီလာခံကို တက်ရောက်လျက်ရှိသည်။ ဂျီ–၁၅ အဖွဲ့ကို ၁၉၈၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းစဉ်က အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံသာ ရှိခဲ့ပြီး ယခုအခါ အဖွဲ့ဝင် ၁၉ နိုင်ငံရှိလာကြောင်း သိရသည်။

အချုပ်အခြာအာဏာစိုးမိုးသည့် နိုင်ငံများကို တိုက်ခိုက်ရန် ကမ္ဘာတစ်ဝန်း ဆက်နွှယ်မှုကို လက်နက်သဖွယ် အသုံးပြုနေကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်ဇ်က ညီလာခံ အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ညီလာခံသို့ အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာ၊ အီရန်နှင့် ဇင်ဘာဘွေနိုင်ငံတို့မှ သမ္မတများ တက်ရောက်ခဲ့ပြီး ဒိုမီနီကန်နိုင်ငံမှ ဝန်ကြီးချုပ် တက်ရောက်ခဲ့၍ အခြားနိုင်ငံများမှ ထိပ်တန်းတာဝန်ရှိသူများကို စေလွှတ်ခဲ့ကြောင်း သိရသည်။

နှစ်ရက်ကြာ ကျင်းပမည့် အဆိုပါညီလာခံတွင် ကမ္ဘာ့ဈေးကွက်တွင်းဝင်ရောက်ရေး စေ့စပ်ဆွေးနွေးမှုကို အလေးထားဆွေးနွေးမည်ဖြစ်သည့်အပြင် စွမ်းအင်၊ ဆေးဘက်ဆိုင်ရာ၊ ပညာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။ *စီစီတီဗွီ။*

အီရတ်နိုင်ငံ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး နောက်ဆုံးသတ်မှတ်ချိန် နာရီပိုင်းအတွင်း သဘောထားကွဲလွဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

အီရတ်နိုင်ငံ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အတည်ပြုနိုင်ရန် သတ်မှတ်ချက် မသတ်မှတ်မီ နာရီပိုင်းအတွင်း အီရတ်အုပ်ချုပ်ရေးကောင်စီသည် စနေနေ့တွင် နက်နက်ရှိုင်းရှိုင်း သဘောထားကွဲလွဲကြသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် အမေရိကန်က အီရတ်ပြည်သူလူထုထံ ဇွန် ၃၀ရက်တွင် အာဏာလွှဲပြောင်းရန် အစီအစဉ် အကြိုကာလတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။

ယာယီအုပ်ချုပ်ရေးအဖွဲ့၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို အမေရိကန်ပြည်ထောင်စု၏ အချိန်ဇယားအတိုင်း စနေနေ့နှောင်းပိုင်းတွင် သဘောတူညီသင့်ကြောင်း၊ သို့ရာတွင် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များသည် လူမှုရေးပြဿနာများတွင် အစ္စလမ္မစ်၏ အခန်းကဏ္ဍနှင့် ဇူလိုင် ၁ရက်တွင် အာဏာစတင်ယူဖွယ်ရှိသည့် အစိုးရအဖွဲ့နှင့် ပတ်သက်၍ ယခုတိုင်ငြင်းခုံလျက်ရှိကြသည်။

ဆွန်နီများနှင့် လူ အများစုဖြစ်သည့် ရှီးယားများအတွင်း သဘောထားကွဲလွဲမှုရှိနေသည်။ သို့ရာတွင် စနေနေ့တွင် သဘောတူညီမှု ရရှိနိုင်သည့် မျှော်လင့်ချက်အနည်းငယ် ရှိနိုင်ကြောင်းဖြင့် ရှီးယားအဖွဲ့ဝင်တစ်ဦး၏ လက်ထောက်တစ်ဦးက ပြောကြားသည်။

သတိပေး

အခြားကောင်စီဝင်များက ဆွေးနွေးညှိနှိုင်းမှုများသည် သတ်မှတ်ချက်ရက် ကျော်လွန်သွားနိုင်ဖွယ်ရှိကြောင်း သတိပေး ပြောကြားကြသည်။

ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန်ရှိနေပြီး ငြင်းခုံမှုများမှာလည်း တဖြည်းဖြည်းပြင်းထန်လာနေပြီဖြစ်ကြောင်း ဆွန်နီ ကာ့ဒ်တစ်ဦးဖြစ်သူ မာမွတ်အော့သ်မန်က ပြောကြားသည်။

မိမိတို့ဆွေးနွေးနေသည်မှာ ဥပဒေဖြစ်ကြောင်း၊ နိုင်ငံရေးကြေညာချက်တစ်ရပ် မဟုတ်ကြောင်း၊ ဥပဒေတစ်ရပ်သည် ပြည့်စုံလုံလောက်ပြီး အမှားမရှိသည့်နည်းလမ်းဖြင့် ရေးဆွဲထားပြီး ပြဿနာအားလုံး ဖြေရှင်းနိုင်မှသာ ဥပဒေကိုကြေညာသင့်ကြောင်း စသည်ဖြင့် အော့သ်မန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဖေဖော်ဝါရီ၂၇ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံခြားသို့ သွားရောက်ကုသရမည့် ကျွန်တော့် နှလုံးသွေးကြောပိတ်ရောဂါမှာ. . .

မြတ်ထွန်းဦး

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက် နံနက်က ဧည့်ခန်းရှိ ဆက်တီတွင် ထိုင်ပြီး ပဌာန်းပါဠိတော်နာယူနေစဉ် ရုတ်တရက် ရင်ထဲ၌ မောဟိုက်နွမ်းလျသလို ခံစားရသည်။ ရင်ခေါင်းထဲတွင် အောင့်၍နာလာသည်။ သို့ဖြင့် အညာသင်ဖြူးဖျာတစ်ချပ်ကို ကြမ်းပြင်တွင်ခင်း၍ ခေတ္တလဲလျောင်းနေလိုက်သည်။ ရင်ခေါင်းအတွင်းမှ နှလုံးသားနေရာကို တစ်စုံတစ်ယောက်က ဆွဲညှစ်နေသလိုခံစားရသည်။

ဇနီးဖြစ်သူက ဘာဖြစ်လို့လဲဟုမေးရာ မောလို့ပါဟုဖြေရင်း ဖျာပေါ်တွင် ဆက်၍ လှဲနေလိုက်သည်။ တစ်ချိန်တည်းတွင် ဗိုက်ထဲ၌ ရစ်၍နာလာပြီး ဝမ်းသွားလိုစိတ် ဖြစ်လာသည့်အတွက် ရေအိမ်သို့ တက်ရသည်။ ရေအိမ်မှ ပြန်ထွက်လာသောအခါ ရေချိုးထားသလို တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေလေပြီ။

ရင်ခေါင်းထဲတွင် ဆုပ်၍ညှစ်ထားသလို အောင့်နေရုံမျှသာမက လက်မောင်းတစ်လျှောက်တွင်လည်း အောင့်သလိုလို၊ တောင့်သလိုလို မသဲမကွဲခံစားနေရသည့်အပြင် မေးရိုးနှင့် မေးကြောများမှာလည်း နာကျင်လာသည်။ ဇနီးသည်က သွေးပေါင်ချိန်တိုင်းသော ကိရိယာဖြင့် သွေးဖိအားကို ချိန်ကြည့်သောအခါ သွေးပေါင်ချိန် အရမ်းကျနေသည်။ ရင်ခုန်နှုန်းကလည်း တစ်မိနစ်လျှင် အကြိမ် ၄၀ ပင် မပြည့်တော့ပါ။

တစ်သက်နှင့်တစ်ကိုယ် သည်လိုဝေဒနာမျိုး တစ်ခါမျှ မခံစားရဖူးပါ။ ကြားဖူးဖတ်ဖူးသမျှနှင့် ချိန်ထိုးစဉ်းစားပါက နှလုံးဖောက်ပြန်မှု (Heart Attack) ဖြစ်တော့မည်ဟု မှန်းဆလိုက်သည်။

နှလုံးဖောက်ပြန်မှုဝေဒနာသည် လူကို ချက်ချင်းသေစေတတ်သည်ကို အကြိမ်ကြိမ် ကိုယ်တွေ့မြင်ဖူးထားပြီးဖြစ်သည်။ ဤသို့သော နှလုံးဖောက်ပြန်မှုဝေဒနာဖြင့် ကျွန်တော် သေများသေသွားလျှင် ဒုက္ခဟု တွေးလိုက်သဖြင့် စိတ်များက ကစဉ့်ကလျားဖြစ်သွားပြီး တုန်လှုပ်ချောက်ချားလာသည်။ သေရမည်ကို ကြောက်လန့်သွားသည်။ မျက်စိများပြာဝေပြီး အမှောင်ထုက လွှမ်းခြုံ ဖုံးအုပ်လိုက်တော့မလို ဖြစ်လာသည်။

ဇနီးသည်က ဖုန်းဖြင့်ဆက်၍ ခေါ်လိုက်သဖြင့် တစ်လမ်းတည်းတွင်နေသော သမီးနှင့် သမက်တို့ ချက်ချင်းရောက်လာသည်။

သမက်ဖြစ်သူက ကျွန်တော့်အိမ်နှင့် အလွန်နီးသော ဗဟိုစည်အထူးကုဆေးခန်းရှိ ဆရာဝန်ကြီး ဒေါက်တာဒေါ်မြတ်ထံသို့ ဖုန်းဖြင့် ဆက်သွယ်ပြီး ကျွန်တော့်အခြေအနေကို ပြောပြနေသည်။

ဗဟိုစည် အထူးကုဆေးခန်းသို့ ရောက်ရှိချိန်တွင် ဆရာဝန် ဒေါက်တာဒေါ်မြတ်၏ ကြိုတင်စီမံ ပေးထားချက်အရ ကျွန်တော့်အား ချက်ချင်းပင် အီးစီဂျီရိုက်ပါသည်။ အသက်ရှူရာ၌ လွယ်ကူ သက်သာစေရန် အောက်စီဂျင်ပိုက်ကို နှာဝတွင် တပ်ဆင်ပေးပါသည်။ ပိုက်ပျော့ဖြင့် အကြောထဲသို့ ဆေးပုလင်းကြီးမှ ဆေးရည်များ အစက်ချ၍ သွင်းပေးပါသည်။ မျက်လုံးများ ပြာဝေနေသဖြင့် မည်သည့်ဆေးမှန်း ဖတ်မကြည့် နိုင်တော့ပါ။

ဆိုင်ရာ တာဝန်ခံဆရာဝန်က ကျွန်တော့် အီးစီဂျီမှတ်တမ်းကို ဖတ်ကြည့်သောအခါ နှလုံးသွေးကြောပိတ်နေပြီဖြစ်ကြောင်း တွေ့ရှိရလေသည်။

ဟိုတစ်စ သည်တစ်စ ဖတ်သော ဆေးဆောင်းပါးများနှင့် ဆေးစာအုပ်များအရ ကျွန်တော် နှလုံးသွေးကြောပိတ်ဝေဒနာဖြစ်နေလေပြီ။

ဗဟိုစည်အထူးကုဆေးခန်းမှ ဆရာဝန်က သက်ဆိုင်ရာ နှလုံးရောဂါအထူးကုသမားတော်ကြီးထံ ဖုန်းဖြင့် ဆက်သွယ်၍ ကျွန်တော်၏ အီးစီဂျီအခြေအနေကို သတင်းပို့တင်ပြရာ နှလုံးရောဂါအထူးကုသမားတော်ကြီးက လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အမြန်ဆုံးပို့ရန် ဖုန်းဖြင့်ပင် ညွှန်ကြားလိုက်ကြောင်း ကျွန်တော်သိရှိရပါသည်။

ရင်ခေါင်းထဲတွင် ဝေဒနာပြင်းထန်စွာ ခံစားနေရသည့်ကြားမှ ကျွန်တော့်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အမြန်ပို့ရမည်ဟု ပြောဆိုသံကြားလိုက်ရသည့်အတွက် ကျွန်တော်၏ စိတ်ထဲတွင် သက်သာမှုများ ရရှိလာပါသည်။ နှလုံးသွေးကြောပိတ်သွားပြီဟု သိလိုက်သည်နှင့် တစ်ပြိုင်နက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကျွန်တော်သွားလိုခြင်းမှာ အကြောင်းရှိပါသည်။

သူငယ်ချင်း အမျိုးသမီးဆရာဝန်တစ်ဦး၏ မကြာသေးမီက ပြောစကားတစ်ရပ်ကို ခေါင်းထဲတွင် စွဲထင်ကြားယောင်နေမိသည်။

အခုအချိန် ရန်ကုန်မှာ ပုဂ္ဂလိက အထူးကုဆေးခန်းတွေများလာတာ အားရစရာပဲ။ ကောင်းလဲကောင်းကြပါတယ်။ ဒါပေမယ့် တစ်ခုသတိရှိဖို့က တကယ်လို့များ အရေးပေါ် နျူရိုကေ့စ်(ဦးနှောက်နှင့် အာရုံကြောနှင့် သက်ဆိုင်သောဝေဒနာ) ဖြစ်လာခဲ့ရင် ဒါမှမဟုတ် အရေးပေါ် ဟတ်အတက်ကေ့စ် (နှလုံးဖောက်ပြန်မှုဝေဒနာ)ဖြစ်လာရင်တော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုသာ ပြေးပေတော့။ ဖြည်းဖြည်းအချိန်ယူပြီး ကုသလို့ရတဲ့ကေ့စ်မျိုးတွေကတော့ ကြိုက်တဲ့ဆရာဝန်ကြီးတွေနဲ့ ကြိုက်တဲ့ အထူးကုဆေးခန်းတွေမှာပြလို့ရပါတယ်။ ဘာပဲပြောပြော နျူရိုနဲ့ ဟတ်ကတော့ အရေးပေါ်ဆိုရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးက အကောင်းဆုံးပဲ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် လူနာဌာနသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိခဲ့သည်။

နှလုံးရောဂါကုဌာန အထူးကြပ်မတ်ကုသဆောင်သို့ နံနက် ၁၁ နာရီခွဲခန့်တွင် ရောက်ရှိသည်။

အောက်တိုဘာနေက ပူသော်လည်း ကျွန်တော် သတိမလစ်ပါ။

နှလုံးရောဂါ အထူးကြပ်မတ် ကုသဆောင်အတွင်း၌ နှလုံးရောဂါအထူးကုသမားတော်ကြီးများ၊ နှလုံးရောဂါအထူးကုဆရာဝန်များ၊ နှလုံးရောဂါဝေဒနာကို ကုသရန် အထူးလေ့ကျင့်ထားသော ဆေးကျွမ်းကျင်သူ များနှင့် သူနာပြုများမှာ စုစုပေါင်း ခုနစ်ဦး၊ ရှစ်ဦးခန့်ရှိပြီး ကျွန်တော့်အား ဝိုင်း၍ အရေးပေါ်ကုသမှုများ ပြုလုပ်ပေးကြပါသည်။ ကျွန်တော်၏ အသက်ကို အချိန်မီအောင်လု၍ ကုသနေကြသည်ကို ကျွန်တော် ဝိုးတဝါးသတိပြုမိပါသည်။

ထိုနေ့အတွက် နှလုံးရောဂါဝေဒနာရှင် လူနာသစ်များကို တာဝန်ယူလက်ခံရသည့် နှလုံးရောဂါအထူးကု သမားတော်ကြီးများမှာ ဒေါက်တာဦးမျိုးဝင်းနှင့် ဒေါက်တာ ဒေါ်နွယ်နွယ်တို့ ဖြစ်ကြောင်းကို ကျွန်တော် နောက်ထပ် နှစ်ရက်ခန့်အကြာတွင် သူနာပြုဆရာမလေးမှတစ်ဆင့် စုံစမ်းသိရှိရပါသည်။

ထိုနေ့က အသက်ကယ်ပုံမှာ အားလုံးသွက်လက်နေပြီး ဟန်ချက်ကလည်း ညီလွန်းသည်။

မွန်းတည့် ၁၂ နာရီကျော်တွင် သွေးပေါင်ချိန်တက်လာပြီဟု ပြောသံကြားလိုက်ရသည်။ "ဒါဆိုရင် သွေးကျဲဆေးထိုးလိုက်တော့"ဟု သမားတော်ကြီး၏ ညွှန်ကြားသံ ကြားရသည်။

နှလုံးရောဂါကုဌာန နှလုံးအထူးကြပ်မတ် ကုသဆောင်တွင် ကျွန်တော် ငါးရက်နေရပါသည်။

အထူးကြပ်မတ်ကုသဆောင်အတွင်း ရှိနေစဉ် အရေးပေါ် နှလုံးရောဂါဝေဒနာရှင်များ အခါမလပ် နေ့၊ ညမဟူ ရောက်ရှိလာတတ်သည်။ တာဝန်ကျသမားတော်ကြီးများ၊ ဆရာဝန်နှင့် သူနာပြုများအဖွဲ့သည် လူနာတိုင်းကို တက်ညီလက်ညီအသက်လုပြီး ကုသမှုပေးကြကြောင်း မျက်မြင်တွေ့ရပါသည်။

ထားရှိကြသော ချစ်ခြင်းမေတ္တာတို့ကြောင့် ကျွန်တော်၏ ဝေဒနာမှာ လျင်မြန်စွာ သက်သာလာသည်။

နှလုံးရောဂါ အထူးကြပ်မတ်ကုသဆောင်တွင် ငါးရက် ကုသမှုခံယူပြီးနောက် ကျွန်တော်သည် အပြင်ဘက်လူနာဆောင်သို့ ပြောင်းရွှေ့၍ ကုသမှု ဆက်လက်ခံယူပါသည်။

နေရာပြောင်းရွှေ့ခဲ့သည့် နံနက်ပိုင်းတွင် လက်ထောက်ဆရာဝန်မလေးတစ်ဦးသည် ကျွန်တော့်ထံ လာရောက်၍ စမ်းသပ်မှုပြုလုပ်ပြီး မှတ်တမ်းရေးပါသည်။ ထို့နောက် "အန်ကယ်ကြီး၊ ဘယ်လိုဖြစ်သွားတာလဲဆိုတာသိသလား"ဟု မေးပါသည်။ ကျွန်တော်က "နှလုံးသွေးကြော ပိတ်သွားတာလို့ ထင်တာပဲ ဒေါက်တာ"ဟု ပြောမိသည်။

ဆရာဝန်မလေးက ပြုံးသည်။

ဟုတ်ပါတယ်။ အန်ကယ်ကြီး မိသားစုဝင်တွေ ပြောပြတဲ့ အထဲမှာ အန်ကယ်ကြီးက စီးကရက် အနှစ်လေးဆယ်လောက် သောက်ခဲ့တယ်၊ ပြီးတော့ ဆီးချိုကလည်း ဆယ်နှစ်ကျော်ရှိနေပြီ။ စစ်ဆေးချက်အရ ကိုယ်လက်စ်ထရော (သွေးအတွင်းမှအဆီ)ကလည်း တက်နေတယ်၊ နှလုံးသွေးကြောပိတ်စေနိုင်တဲ့ အချက်တော်တော်များများနဲ့ အန်ကယ်ကြီးငြိနေတယ်၊ ဆေးရုံက ဆင်းတဲ့အခါ ဆောင်ရန်၊ ရှောင်ရန်တွေ ရေးပေးလိုက်မယ်ဟု ပြောသည်။

နံနက် ၆ နာရီဝန်းကျင်တွင် လက်ထောက်ဆရာဝန်တို့သည် လူနာများအား စမ်းသပ်စစ်ဆေး မှတ်တမ်းရေးပါသည်။

ကျွန်တော်သည် နှလုံးသွေးကြောပိတ်ရောဂါအတွက် သောက်ဆေးများ မှီဝဲနေသဖြင့် လုံးဝနေကောင်းသွားပြီဟု ထင်မှတ်နေပါသည်။ သို့ရာတွင် နေ့စဉ် ရိုက်နေသော အီးစီဂျီစက်ကမူ ကျွန်တော့်အား နှလုံးရောဂါ ဝေဒနာရှင် တစ်ဦးဖြစ်ကြောင်း မှတ်တမ်းသက်သေ ထုတ်ပြနေပါသည်။

ဆေးရုံတွင် ၁၄ ရက် ကုသမှုခံယူပြီးနောက် နေအိမ်တွင် ၁၀ ရက် ပြန်လည်နားနေပြီး သောက်ဆေးများ သောက်ရပါသည်။

အိမ်တွင် ၁၀ ရက်နားပြီးနောက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနသို့ အတွင်းလူနာအဖြစ် ပြန်လည်တက်ရောက်ရပါသည်။ ဒုတိယအကြိမ် ဆေးရုံသို့တက်သောအခါ နှလုံးသွေးကြောပိတ်သည့်ရောဂါ မည်သည့်အတိုင်းအတာအထိ ပိတ်နေသည်ကို အတိအကျသိရှိရန် စက်သစ်ကြီးဖြင့် စမ်းသပ်တိုင်းပါသည်။ ယင်းသို့ တိုင်းထွာမှုကို အင်ဂျီအိုဂရမ်(Angiogram) ပြုလုပ်သည်ဟု ခေါ်ပါသည်။

နှလုံးရောဂါကုဌာနတွင် နှလုံးရောဂါရှာဖွေ စမ်းသပ်ကုသသည့် ခေတ်မီ စက်ကိရိယာ အများအပြား ရှိနေပြီဖြစ်ပါသည်။

အင်ဂျီအိုဂရမ် စစ်ဆေးမှုမှာ ညာဘက်ပေါင်ရင်းမှ သွေးကြောကြီးအတွင်းသို့ စမ်းသပ်သည့် ကိရိယာငယ် ထိုးသွင်းကာ နှလုံး၏ ချို့ယွင်းမှုကို အတိအကျ နေရာနှင့်တကွ ရှာဖွေတိုင်းထွာခြင်းဖြစ်ပါသည်။

ယင်းစမ်းသပ်မှု ပြုလုပ်ပြီးချိန်တွင် ကျွန်တော် စိတ်ဓာတ်အကြီးအကျယ် ကျသွားပါသည်။

ကျွန်တော်၏နှလုံး လက်ဝဲဘက်အခြမ်း ရှေ့ပိုင်းတွင် သွေးကြောတစ်ချောင်း ပိတ်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သွေးကြောတစ်ချောင်းထဲတွင် နှစ်နေရာ ရှေ့ဆင့်၊ နောက်ဆင့် ပိတ်နေသည်။ တစ်နေရာတွင် ၉၀ ရာခိုင်နှုန်း ပိတ်နေပြီး အခြားတစ်နေရာတွင် ၉၉ ရာခိုင်နှုန်း ပိတ်နေလေပြီ။

ကျွန်တော်က "နေကောင်းနေပြီ"ဟု အထင်ရှိသော်လည်း အင်ဂျီအိုဂရမ်က "သင် အကြီးအကျယ် နေမကောင်းပါ"ဟု ဖော်ပြနေသည်။

အမှန်စင်စစ် ဖော်ပြပါ အဖြေမှတ်တမ်းကို ဆိုင်ရာဆရာဝန်သည် ကျွန်တော့်အား ပြသခြင်းမဟုတ်ပါ။ ကျွန်တော့်ဇနီးအား ပေးအပ်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်က ခြေမြန်လက်မြန် အတင်းယူ၍ ဖတ်ကြည့်လိုက်ခြင်းဖြစ်ပါသည်။

ထိုညက ဆေးရုံတွင် ကျွန်တော် တစ်ညလုံး အိပ်မပျော်ပါ။

"သည်လို ကုဖို့ခက်တဲ့ရောဂါမျိုး ငါ့ကိုမှ ရွေးပြီးဖြစ်ရလေခြင်း"ဟု တရားလက်လွှတ် အပြစ်တင်နေမိသည်။

နောက်တစ်နေ့ နံနက်တွင် နှလုံးရောဂါအထူးကု သမားတော်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နောက်ဆုံးပေါ် ခေတ်မီစက်သစ်ကြီးများ ရှိနေပြီဖြစ်ကြောင်း၊ သို့ရာတွင် မြန်မာနှလုံးအထူးကု သမားတော်ကြီးများတွင် သွေးကြောတစ်ချောင်းတည်း၌ နှစ်နေရာပိတ်နေသည့် အခြေအနေမျိုးကို ချဲ့ထွင်ကုသသည့် အတွေ့အကြုံ မရှိသေးကြောင်း၊ ထို့အပြင် ကျွန်တော်၏ သွေးကြော၌ စုပုံနေသည့် သွေးခဲတို့လည်း ရှိနေကြောင်း၊ သို့ရာတွင် မည်သို့မျှ စိတ်ဓာတ်မကျရန် အားပေးစကားပြောဆိုပါသည်။

အထူးကုသမားတော်ကြီးကပင် ဆက်လက်၍ မများမကြာမီ နိုင်ငံခြားမှ နှလုံးပါရဂူတစ်ဦး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ရန်ရှိကြောင်း၊ ယင်းပါရဂူသည် စေတနာနှင့် ဝါသနာအလျောက် မေတ္တာဖြင့် အခမဲ့ လာရောက်ကုသပေးမည့် အစီအစဉ်ဖြစ်ကြောင်း၊ ကုသရန် ခက်ခဲသော နှလုံးရောဂါဝေဒနာရှင်များ၏ အမှုတွဲများကို နိုင်ငံခြားပါရဂူထံ တင်ပေးရန် ရှိကြောင်း၊ ကိစ္စရပ် အတော်များပြားကြောင်း၊ နိုင်ငံခြားပါရဂူက ကျွန်တော်၏ ကေ့စ်(အမှုတွဲ)အား ရွေးလျှင် ကျွန်တော်၏ကံပင် ဖြစ်ကြောင်း၊ မြန်မာ သမားတော်များနှင့် ပူးတွဲ၍ ကုသမည့် အစီအစဉ်ဖြစ်ကြောင်း ရှင်းပြပါသည်။

အကယ်၍ ပါရဂူက ကျွန်တော်အား မရွေးခဲ့လျှင် နောင်တစ်ချိန်၌ ကျွန်တော်အနေနှင့် နိုင်ငံခြားသို့ ကိုယ့်စရိတ်ဖြင့် ကိုယ်သွား၍ ကုသမှုခံယူနိုင်အောင် လိုအပ်သော ထောက်ခံမှုများကို ဆေးရုံက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကရုဏာအပြည့်ဖြင့် ရှင်းပြပါသည်။

ကျွန်တော်၏ နှလုံးသွေးကြောပိတ်ရောဂါမှာ နိုင်ငံခြားသို့ သွားရောက်ကုသရမည့် နှလုံးသွေးကြောပိတ်ရောဂါ ဖြစ်နေလေပြီ။

အင်ဂျီအိုဂရမ် ပြုလုပ်ပြီးနောက် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျွန်တော် နေအိမ်သို့ ပြန်၍နားရပါသည်။ ဤတစ်ကြိမ် အိမ်ပြန်ရသည်မှာ ကျွန်တော်၏ ရင်ထဲတွင် အလွန်လေးနေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ ရင်ခေါင်းထဲတွင် နိုင်ငံခြားသို့ သွားရောက်ကုသရမည့် နှလုံးသွေးကြောပိတ်ရောဂါကြီးရှိနေသောကြောင့် ဖြစ်ပါသည်။

စာရင်းတင်ထားသည့် ကုသရန် ခက်ခဲသော နှလုံးရောဂါဝေဒနာရှင် အများအပြားအနက် ကျွန်တော့်အား မရွေးခဲ့လျှင် ဘာလုပ်ရပါမည်နည်း။

နိုင်ငံခြားသို့ သွားရောက်ကုသရမည့် နှလုံးသွေးကြောပိတ်ရောဂါ ဖြစ်နေသည့်အတွက် "နိုင်ငံခြားသွားကုပေါ့"ဟု လွယ်လွယ်ပြောလျှင် ဖြစ်ပါသည်။

ငွေဘယ်လောက် ကုန်ကျမည်နည်း။

မိတ်ဆွေများထံ ကုန်ကျဖွယ်ရှိသော ဆေးကုသစရိတ်ကို မေးမြန်းစုံစမ်းသော်လည်း တစ်ယောက်တွင် အတွေ့အကြုံတစ်မျိုးစီရှိနေကြသဖြင့် မည်မျှ ကုန်ကျဖွယ်ရှိသည်ကို တွက်ချက်၍ မရခဲ့ပါ။

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ နှလုံးရောဂါ ပါရဂူ ဒေါက်တာပက်ထရစ်သည် ရန်ကုန်သို့ ရောက်ရှိလာပြီဟု ကြားသိရသည်။

နိုဝင်ဘာ ၁၉ရက် နံနက် ၉နာရီခွဲခန့်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနမှ အထက်တန်းသူနာပြု ဆရာမကြီးက ကျွန်တော်၏ နေအိမ်သို့ ဖုန်းဆက်ပြီး "ဦးမြထွန်း၊ နှလုံးရောဂါကုဌာနကို ချက်ချင်းလာခဲ့ပါရှင့်၊ နိုင်ငံခြားနှလုံးပါရဂူက ကုသပေးဖို့ ရွေးထားပါတယ်"ဟု ပြောသည်။

ထိုနေ့ ၁၀ နာရီခန့်တွင် ကျွန်တော် ဆေးရုံသို့ တတိယအကြိမ် ရောက်သည်။ ဆရာဝန်များက လိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်သည်။ နံနက်ပိုင်းတွင်ပင် သွေးကျဲဆေးတစ်လုံး ထိုးရသည်။ ညနေစာကို အနည်းအကျဉ်းမျှသာစားရန် မှာကြားထားသည်။ ည၉ နာရီပိုင်းတွင် သွေးကျဲဆေးတစ်လုံး ထပ်၍ ထိုးရပါသည်။

နံနက် ၉နာရီတွင် ကျွန်တော်သည် နှလုံးသွေးကြောကျဉ်းရောဂါ ရှာဖွေကုသရေးဌာနရှိ ခွဲစိတ်ခန်းကြီးထဲသို့ ရောက်ရှိနေပြီဖြစ်သည်။ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတို့တွင် တွေ့မြင်ရဖူးသော ခွဲစိတ်ခန်းမျိုး ဖြစ်သည်။ ခေတ်မီ နှလုံးရောဂါကု စက်ကိရိယာကြီးထားရှိသော အခန်းကြီးဖြစ်ပါသည်။

ခွဲစိတ်ခန်းအတွင်း၌ နှလုံးရောဂါ အထူးကုသမားတော်ကြီးများ၊ နှလုံးရောဂါကုဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ သူနာပြုများ ရှိနေကြပါသည်။ ကုသမှုကို လေ့လာကြည့်ရှုသည့် နှလုံးကုဌာနမှူး ပါမောက္ခကြီး၊ နှလုံးအထူးကု သမားတော်များ၊ နှလုံးရောဂါကု ဆရာဝန်များ၊ ဆိုင်ရာဆေးကျွမ်းကျင်သူများ၊ သူနာပြုများလည်း စုံညီစွာရှိနေကြပါသည်။

ကျွန်တော်က "အေးအေးဆေးဆေးပဲ"ဟု ထင်ထားပါသော်လည်း လက်တွေ့တွင် ညာဘက်ပေါင်ရင်း သွေးကြောကြီးမှတစ်ဆင့် ကိရိယာကို ထည့်သွင်းပြီး ကုသသော စနစ်ဖြစ်ပါသည်။ ဘောလုံးကို သွတ်သွင်း၍ နှလုံးသွေးကြောချဲ့ထွင်ရသည့် ကုသမှုနှင့် ကျဉ်းနေသော သွေးကြောအတွင်းသို့ သံဆန်ခါ ပိုက်လုံးငယ်ထည့်သွင်း ကျားကန်မှုတို့မှာ လွယ်ကူသော ကုသနည်း မဟုတ်ကြောင်း ကျွန်တော် ကိုယ်တွေ့ သိရှိရပါသည်။

မေ့ဆေးဖြင့် ကုသမှုမဟုတ်ဘဲ ထုံဆေးဖြင့် ကုသမှုဖြစ်သည့်အတွက် နိုင်ငံခြား နှလုံးပါရဂူနှင့် မြန်မာနှလုံးအထူးကု သမားတော်ကြီးတို့ ပူးတွဲလုပ်ကိုင်နေကြပုံကိုလည်း ခေါင်းထောင်ပြီး ကြည့်ရှုရန် အခွင့်မသာသည့်အတွက် အထင်အရှားမမြင်ရပါ၊ သို့ရာတွင် နားထဲတွင် သဲသဲကွဲကွဲကြားနေရပါသည်။

ဤကုသမှုမှာ မလွယ်ပါ။ တကယ်ပင် မလွယ်ကူပါ။ မည်သို့ပင်ဆိုစေ ကုသမှု အောင်မြင်ပါသည်။ ကျွန်တော်သည် နံနက် ၉နာရီတွင် ခွဲစိတ်ခန်းအတွင်း စတင်ဝင်ရောက်ခဲ့ပြီး ၁၀နာရီခွဲတွင် ခွဲစိတ်ခန်းမှ ပြန်ထွက်ရပါသည်။ လက်တွေ့ အချိန်ပြည့် ကုသသည့် အသားတင်အချိန်မှာ ၁၅မိနစ်ခန့်သာဖြစ်ပါသည်။

ကုသမှုခံယူပြီး နှစ်လအကြာတွင် ကျွန်တော်သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနတွင် ပြန်လည်ပြသပြီး အီးစီဂျီ ရိုက်ပါသည်။ ကျွန်တော်၏နှလုံးသွေးကြောများသည် ပုံမှန်အလုပ်လုပ်နေပြီဖြစ်ကြောင်း၊ နှလုံးတွင် အမာရွတ်ဖြစ်သွားသော နေရာမှ တစ်ပါး နှလုံးအခြေအနေ တိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း အီးစီဂျီက သက်သေပြလျက်ရှိပါသည်။

နှလုံးအတွက် သောက်ဆေးအချို့ကို ကျွန်တော် တစ်နှစ်ခန့် ဆက်၍ သောက်ရမည်ဖြစ်ပါသည်။

ဆေးရုံမှ ဆင်းချိန်တွင် ဆေးရုံဆင်းလက်မှတ်ပေါ်၌ ပီသထင်ရှားစွာ လက်ရေးဖြင့် ရေးပေးလိုက်သော ဆောင်ရန်၊ ရှောင်ရန်တို့ကို ပြန်လည် ဖတ်ရှုနေမိပါသည်။

- **ဆေးလိပ်လုံးဝမသောက်ရ။**
- **ဆေးလိပ်သောက်သူအနားတွင် မနေရ။**
- **တိရစ္ဆာန်မှထွက်သောအဆီ (အမဲဆီ၊ ဝက်ဆီ၊ သိုးဆီ၊ ဆိတ်ဆီ)၊ ထောပတ်၊ မလိုင်၊ အုန်းနို့၊ ဥအနှစ်များ လုံးဝမစားရ။**
- **လျှာပေါ်တင်လျှင် ချိုသောအရာများ လုံးဝမစားရ။**
- **ဟင်းသီးဟင်းရွက်၊ ငါး ကြိုက်သလောက် စားနိုင်သည်။**
- **ဆေးမှန်မှန်သောက်ပါ။**
- **ရက်ချိန်းမှန်မှန် ဆေးရုံသို့ ပြန်ပြပါ။**
- **သင့်တော်သော လေ့ကျင့်ခန်း မှန်မှန်လုပ်ပါ။ မိနစ် ၂၀ခန့် လမ်းလျှောက်ပါ။**
- **နှလုံးရောဂါအတွက် အရေးပေါ်ပြလိုလျှင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ အရင်ပြပါ။**

နိုင်ငံခြားသို့ သွားရောက်ကုသရမည့် ကျွန်တော်၏ နှလုံးသွေးကြောပိတ်ရောဂါကို ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင်ပင် ကုသ၍ ပျောက်ကင်းချမ်းသာခဲ့ပါကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် (၈)ရပ်ကွက် နာနတ်တောလမ်း ကုဋ္ဌာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၃)တွင် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်ထိလည်းကောင်း၊ သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၀ ရက်မှ ဧပြီ ၁၉ ရက်ထိလည်းကောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တပညာဝံသ က တရားတော်များ ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် သင်္ကြန်တွင်း ဒုလ္လဘရဟန်းဝတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဖူးမြော် ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကော့သောင်းမြို့ ပြည်တော်အေး စေတီတော် ဆုတောင်းပြည့် ဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

❍ **ကျောဖုံးမှ**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ မြေယာအသုံးချနိုင်မှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် အထွက်နှုန်း၊ ဒေသဝမ်းစာ ဖူလုံမှု၊ လုပ်မြေ မြေရိုင်းနှင့် တာပတ်မြေဖော်ထုတ်နိုင်မှု၊ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးပြီးစီးမှု၊ ငါးဖမ်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မိမိအနေဖြင့် ကော့သောင်းမြို့သို့ ၁၉၆၂ ခုနှစ်ခန့်တွင် ပထမအကြိမ် စတင်ရောက်ရှိခဲ့ဖူးကြောင်း၊ ထိုစဉ်က ကော့သောင်းမြို့သည် အိမ်ခြေသုံးလေးရာခန့်သာရှိကြောင်း။

မိမိတို့လက်ထက်တွင် မဖွံ့ဖြိုးမတိုးတက်သေးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် မူဝါဒချမှတ်ပြီး နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချ ဆောင်ရွက်ခဲ့ရာ ကော့သောင်းဒေသသည် ခရိုင်အဆင့်သို့ ပြောင်းလဲတိုးတက်ခဲ့ပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးစည်ပင်လာ

ခရိုင်မြို့ကြီးနှင့် လျော်ညီသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများကို ဖြည့်ဆည်းထူထောင်အားပေးခဲ့ရာ ကော့သောင်းမြို့သည် မြို့ကြီးပြကြီးကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာခဲ့ပြီဖြစ်ကြောင်း။

ကော့သောင်းကဲ့သို့ပင် နယ်စပ်ဒေသမြို့များဖြစ်သည့် တာချီလိတ်၊ မူဆယ်၊ မြဝတီ စသည့် မြို့များသည်လည်း အချိန်တိုကာလအတွင်း သိသာစွာပြောင်းလဲတိုးတက်လာခဲ့ကြောင်း၊ လူတို့၏ အမြဲတမ်းတီထွင်ကြံဆ အားထုတ်မှုများကြောင့် လူ့အဖွဲ့အစည်းသည် ရှေ့သို့အစဉ်အမြဲ တိုးတက်မှုရှိနေရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ကော့သောင်းခရိုင်သည်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးပမ်းအားထုတ်နေရန်လိုကြောင်း။

ဤနေရာ၌ နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုဖြင့် နိုင်ငံတော်၏ ကိုယ်စားသက်ဆိုင်ရာဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ထိထိရောက်ရောက်အလုပ်လုပ်ကြပြီး ဒေသခံပြည်သူများကလည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း တာဝန်ယူဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နယ်မြေဒေသဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ အခြေခံအားဖြင့် စားဝတ်နေရေးအတွက် အခြားဒေသများကို မှီခိုအားထားမနေရဘဲ ဒေသတွင်းဖူလုံမှုရှိရန်နှင့် စီးပွားရေးဖွံ့ဖြိုးနေရန် လိုအပ်ကြောင်း။

ကော့သောင်းခရိုင်တွင် ရေမြေသယံဇာတများရှိပါလျက် ယခုထက်တိုင် ဒေသဆန်ဖူလုံမှု မရှိသေးသည်ကိုတွေ့ရှိနေရကြောင်း။

ဒေသဆန်ဖူလုံရန်ကြိုးပမ်း

သဲကန္တာရများကိုပင် ပြုပြင်ပြောင်းလဲ၍ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် ခေတ်ဖြစ်ရာ ကော့သောင်းခရိုင်၌ စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ အထွက်ကောင်းမျိုးများ ပြောင်းလဲ၍ စိုက်ပျိုးခြင်းဖြင့် ဒေသဆန်ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း။

မီးဖိုဆောင်သုံး သီးနှံများကိုလည်း ဖြစ်နိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားသင့်ကြောင်း၊ မိမိတို့၌ရှိသော စိုက်ပျိုးမြေကို အပြည့်အဝအသုံးချပြီး ဒေသ ရေ မြေ ရာသီဥတုအခြေအနေနှင့် ကိုက်ညီသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်သွားကြရမှာဖြစ်ကြောင်း။

ကျော်လွှားနိုင်မည်

သို့မှသာ ဒေသတွင်းဖူလုံမှုရရှိပြီး အခြားဒေသများအပေါ် မှီခိုအားထားနေရသည့် အစဉ်အလာဟောင်းကို ကျော်လွှားလွန်မြောက်နိုင်မှာဖြစ်ကြောင်း။

အလားတူ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း လူ၏အားထုတ်မှု၊ ပြုပြင်ဖန်တီး ဆောင်ရွက်မှုများကို အခြေခံ၍ ဒေသ၏စီးပွားရေးလုပ်ငန်းများဖြစ်သော ငါးပုစွန်လုပ်ငန်း၊ ဆီအုန်း၊ ရော်ဘာ အပါအဝင် နှစ်ရှည်ပင် စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် ထိထိရောက်ရောက် လုပ်ကိုင်ကြရန်လိုအပ်ကြောင်း။

နယ်မြေဒေသတစ်ခု၌ ဒေသတွင်းဖူလုံမှုရှိပြီး စီးပွားရေးတိုးတက်မှု အမြဲရှိနေမှသာ ယင်းဒေသသည် အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမတွင် ကော့သောင်းတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမတွင် ကော့သောင်းတပ်နယ်ရှိ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

✪ စာမျက်နှာ ၇ မှ

ထို့ကြောင့် ဒေသတိုင်း ယင်းအချက်နှစ်ချက် ပြည့်စုံအောင် ကြိုးစားတည်ဆောက်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ ကြိုးစားတည်ဆောက်ရာ၌ တာဝန်ရှိသူအဆင့်ဆင့်သည် မိမိတို့ တာဝန်ယူရသည့် နယ်မြေဒေသအလိုက် စီးပွားရေးတိုးတက်မှု ရှိ-မရှိ၊ ရပ်ရွာဒေသအေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုရှိ-မရှိ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးအခြေအနေများ တိုးတက်မှုရှိ-မရှိ အချိန်မှန် စိစစ်လေ့လာသုံးသပ်၍ တင်းပြည့်ကျပ်ပြည့် တိုးတက်ဖွံ့ဖြိုးသည့် နယ်မြေများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ထို့ပြင် ဒေသအလိုက် လူ့အရင်းအမြစ် ဖွံ့ဖြိုးရေးကိုလည်း အလေးထားပျိုးထောင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေသို့သွားရောက်ပြီး ဘုရင့်နောင် ကုန်းမြေနှင့် ဘုရင့်နောင်မင်းတရားကြီး ရုပ်တုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ပြည်တော်အေးစေတီတော်သို့ သွားရောက်ကြပြီး ရှေးဦးစွာ ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ပြည်တော်အေးစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆီအုန်းဆီကြိတ်စက်ရုံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းဆီကြိတ်စက်ရုံ တည်ဆောက်မည့်နေရာသို့ ရောက်ရှိကြပြီး တစ်နာရီ တန် ၃၀ ဆီအုန်းဆီကြိတ် စက်ရုံတည်ဆောက်ရေး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ထို့နောက်မင်္ဂလာအခမ်းအနား အစီအစဉ်ကိုကျင်းပရာ မင်္ဂလာအခါပေးဦးကျော်က မော်ကွန်းကမ္ပည်းစာကို ဖတ်ကြားသည်။

အမှာပေး...

နိုင်ငံတော် အေးချမ်...
ရေးနှင့် ဖွံ့ဖြိုးရေးကော...
တပ်မတော် ကာကွယ်...
ချုပ် ဗိုလ်ချုပ်မှူးကြီးသ...
အဖွဲ့ဝင်များ ကော့သော...
ရှိ ကျောင်းတိုက်များမှ ခ...
ကြီးများအား လှူဖွယ်ပ...
ဆက်ကပ်လှူဒါန်းပြီး ...
အစုစုတို့အတွက် ရေစ...
အမှာပေးခဲ့ကြစဉ်။
(သ...

ယင်းနောက် ဗိုလ်ချု...
ခြင်း အထိမ်းအမှတ်အဖြ...
ဆက်လက်၍ ဗိုလ်ချု...
လီမိတက်၏ ဆီအုန်းစိုက်ပ...
ဆီအုန်းများပျိုးထောင်ထာ...
သည့် ခုတ်မြေဩဇာမျ...
လည်းကောင်း၊ ရှင်းလင်းဓေ...
မည့်နေရာ အနေအထား...

ဆီအုန်းစိုက်ခင်းများတည်ရှိရာ နယ်မြေတစ်လျှောက် လမ်းပန်းဆက်သွယ်မှုအခြေခံမ...
လုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းစိုက်ပျိုးရေး အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အ...

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် သတ်မှတ်ထားသည့်နေရာ၌ မင်္ဂလာရွှေပြားကို ချပေးပြီး နဝရတ်ကိုးပါးငွေကြုတ်ကို မြှုပ်နှံပေးသည်။

ဆက်လက်၍ မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ရတနာအုတ်များကို ပြိုင်တူစီထားပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မော်ကွန်းကမ္ပည်းစာကို ဖုံးအုပ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ခမောက်ကြီးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ဖွံ့ဖြိုးစည်ပင်လာမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သည့်အဖွဲ့ တနင်္သာရီတိုင်းသို့ လာရောက်သည့် ရည်ရွယ်ချက်များနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ပဏာမ ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကိုမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်တွင် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။
(သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့မှ ခမောက်ကြီးမြို့သို့ သွားရောက်ကြပြီး ကော့သောင်း-ခမောက်ကြီးကားလမ်းအခြေအနေ၊ ကားလမ်းဝဲ/ယာ၌ ဆီအုန်းနှင့် ရော်ဘာများစိုက်ပျိုးထားမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီခွဲတွင် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ခမောက်ကြီး တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ခမောက်ကြီးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များ

အမှျပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမှျပေးဝေကြစဉ်။

(သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့သွားရောက်ကြပြီး ဆီအုန်းများပျိုးထောင်ထားမှု၊ ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဓာတ်မြေဩဇာများ၊ ဆေးဖျန်းကိရိယာများနှင့် ဆီသီးခိုင်များကိုလည်းကောင်း၊ ရှင်းလင်းဆောင်မှတစ်ဆင့် ဆီအုန်းဆီကြိတ်စက်ရုံ တည်ဆောက်မည့်နေရာ အနေအထားကိုလည်းကောင်း ကြည့်ရှုကြသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ ခမောက်ကြီးမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့ တွေ့ဆုံရာတွင် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအရ မိမိတို့ကုမ္ပဏီအနေဖြင့် ၁၉၉၉ခုနှစ်မှ စတင်၍ ဆီအုန်းစိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧကလေးသောင်းကျော် စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ၂၀၀၇ခုနှစ်တွင် ဆီအုန်းဧကတစ်သိန်း စိုက်ပျိုးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းတွင် အသုံးပြုလျက်ရှိသည့် စက်ယန္တရားများ၊ ဝန်ထမ်းအင်အား၊ ဆီသီးခိုင် ထွက်ရှိမှုအခြေအနေများ၊ ဆီအုန်းဆီကြိတ် စက်ရုံ၊ ဆီချောစက်ရုံ တည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖိဖိစီးစီးစိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သတ်မှတ်ခွဲဝေပေးထားသည့် ဧကများအလိုက် ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများအနေဖြင့် ဆီအုန်းများကို ဖိဖိစီးစီးစိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ကေါ့သိန်း အပြည့်အဝရရှိရေးအတွက် နှစ်အလိုက် မှန်မှန်ကန်ကန် စိုက်ပျိုးသွားရန်လိုကြောင်း၊ ဆီအုန်းဧကပြည့်မီပြီး စားအုန်းဆီမြန်မြန်ထွက်လာမှ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် အမြန်ဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်၌ စားသုံးဆီဖူလုံရမည်ဆိုသည့် မျှော်မှန်းချက်ထားရှိပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး ဝိုင်းဝန်းစိုက်ပျိုးအကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း။

စပါးစိုက်ပျိုး

ကုမ္ပဏီများအနေဖြင့် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းသကဲ့သို့ မိမိတို့ ကုမ္ပဏီအလိုက် ဝန်ထမ်းများ၊ လုပ်သားများအတွက် ဆန်ဖူလုံမှုရှိစေရန် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းခြင်းမရှိသည့် နေရာများ၌ စပါးစိုက်ပျိုးသွားရန်ဖြစ်ကြောင်း။

မြေပြန့်ကုန်းမြင့်မရှိပါက ကုန်းမြင့်လယ်ယာများ ဖော်ထုတ်၍လည်းကောင်း၊ ချိုင့်ဝှမ်းစိုက်ပျိုးမှု ပြုလုပ်၍လည်းကောင်း စပါးစိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းရမှာဖြစ်ကြောင်း။

ဆီအုန်းစိုက်ခင်းများတည်ရှိရာ နယ်မြေတစ်လျှောက်၌ ယခင်ကာလများနှင့်မတူတော့ဘဲ ကားလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းစသည်ဖြင့် လမ်းပန်းဆက်သွယ်မှုအခြေခံများကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းထူထောင်ပေးထားပြီးဖြစ်ရာ ဆက်သွယ်သွားလာမှု၊ ကုန်စည်ပို့ဆောင်မှုတို့အတွက် များစွာ အဆင်ပြေသွားပြီဖြစ်ကြောင်း။

ထို့ကြောင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်အပေါ် စေတနာထား တုံ့ပြန်ရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဝန်ထမ်းများနှင့်တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခမောက်ကြီးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအားတွေ့ဆုံပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံ လူထုနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မြန်မြန်အကောင်အထည်ဖော်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရင်းရင်းနှီးနှီးမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယုဇနကုမ္ပဏီ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို အမှတ်တရ ချီးမြှင့်စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များကလည်း ဆီအုန်းပင်များကို စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ခမောက်ကြီးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

...သွယ်မှုအခြေခံများ ထူထောင်ပေးထား
...င်းဖြင့် တိုင်းပြည်အပေါ် စေတနာထားတုံ့ပြန်

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေ့ဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းသို့ နံနက် ၆နာရီတွင် ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ အမှတ်(၄) စစ်ဒေသမှူးဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၄၅ ၈။ မြန်မာစာ မြန်မာစကား
- ၆:၀၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၆:၁၀ ၁၀။ မန်းချောင်းတံတား
- ၆:၁၅ ၁၁။ **စက်မှုတပ်ဆင်လုပ်ငန်းတွင် (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မိုးမိုးမြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းဝင်း)**
- ၆:၂၀ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း–၁)
- ၇:၂၀ ၁၆။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း–၂)
- ၇:၃၀ ၁၇။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၈။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
  - ၂၀။ နိုင်ငံတကာသတင်းများ
  - ၂၁။ မိုးလေဝသအခြေအနေ
  - ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း–၄)**
  - ၂၃။ နောက်တစ်နေ့အစီအစဉ်
  - ၂၄။ အစီအစဉ်ပြီး၏။

မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပမည့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကိန်းဝပ်စံပယ်အပူဇော်ခံမည့် ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ဖြနာရီတွင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အနေကဇာတင်

ရှေးဦးစွာ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အခမ်းအနား တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်အပ်သော မေတ္တာသုတ် ပရိတ်တရားတော်များကိုနာယူကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော် အလှူရှင်များဖြစ်ကြသော ဦးအိုက်စံ-ဒေါ်ဖုံစု (သံလွင်တောင်တန်း ကျောက်မျက် ကုမ္ပဏီ)၊ဦးသန်းမောင်-ဒေါ်လီလီမြင့် (ရွှေပင်တိုင် ရွှေသတ္တု ထုတ်လုပ်ရေးကုမ္ပဏီ)၊ ဦးထွန်းရွှေ-ဒေါ်စန်းစန်းမြင့်နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း (ရွှေနဂါးမင်း ထရိတ်ဒင်းကုမ္ပဏီ)တို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ ၂၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကော့သောင်းမြို့ ပြည်တော်အေးစေတီတော် ဆုတောင်းပြည့် ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းဆီကြိတ်ရုံ တည်ဆောက်ရေး ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် မော်ကွန်းကမ္ပည်းစာကို ဖုံးအုပ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးစဉ်။

(သတင်းစဉ်)

နယ်စပ်စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျောက်တန်းမြို့နယ် ရေဖြန့်ဝေမှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်တန်းမြို့ရှိ ရပ်ကွက်ခြောက်ရပ်ကွက်သို့ ရေဖြန့်ဝေပေးနေသော ဆင်ကန်ရေလှောင်ကန်သို့ ရောက်ရှိရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်ထွန်းနှင့်အဖွဲ့ကကြိုဆိုကြသည်။ဒုတိယဝန်ကြီးအား ဆင်ကန်ရေလှောင်ကန်သန့်ရှင်းသာယာလှပရေးနှင့် ရေကန်လုံခြုံရေး၊ ရေစက်ရုံ သန့်ရှင်းရေး၊ ရေကန်အတွင်း အမှိုက်များ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်ကန် ရေစက်ရုံတို့နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တန်းမြို့သို့ ပေးဝေနေသည့်ရေများတွင် သံဓာတ်အနည်းဆုံး ပါဝင်မှုကို လျော့ချစေရေး ဆောင်ရွက်နေသည့် ရေစစ်ကန်သို့ သွားရောက်စစ်ဆေးပြီး ရေစစ်ကန်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရေစစ်ကန်လုံခြုံရေးကိစ္စများကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။(သတင်းစဉ်)

ဆီအုန်းပင် အမှတ်တရစိုက်ပျိုး

ဖေဖော်ဝါရီ ၂၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ဟိုတယ်/ ခရီးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ မြမန္တလာဟိုတယ် တိုးချဲ့တည်ဆောက်မှု စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြမန္တလာဟိုတယ် တိုးချဲ့ဆောင်တည်ဆောက်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Myanmar Bavarian Travels & Tours ကုမ္ပဏီက ကမ္ဘာလှည့် ခရီးသည်များအတွက် ဧရာဝတီမြစ်အတွင်း "အမရာ" ရေယာဉ်ဖြင့် ခရီးစဉ် တိုးချဲ့ပြေးဆွဲမည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်နိုင်မည့် နေရာဒေသ၊ ပတ်ဝန်းကျင်အခြေအနေနှင့် သဘာဝအလှအပများကို အမရာသင်္ဘောဖြင့် လှည့်လည်ကြည့်ရှု လေ့လာသည်။ (သတင်းစဉ်)

အာဆီယံ စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ အမှုဆောင်ဒေါက်တာအောင်ဝင်းမောင် (ရွှေရောနှင့် ဂရင်းမာစတာ အင်တာနေရှင်နယ်ကုမ္ပဏီ) နှင့် အမှုဆောင် ဦးလှမြင့်ရွှေ (ယူနိုက်တက် ပစိဖိတ်ကုမ္ပဏီ)တို့သည် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ မတ် ၁ရက်မှ ၅ရက်ထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် KANKEIREN ASEAN Management Seminar သို့ တက်ရောက်ရန် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှလေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း၊ တိုင်းငါးလုပ်ငန်းဦးစီးဌာနက ငွေကျပ်သုံးသောင်း၊ တိုင်းရဲတပ်ဖွဲ့က ငွေကျပ်သုံးသောင်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့က ငွေကျပ်သုံးသောင်း၊ တိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ်နှစ်သောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနက ငွေကျပ်တစ်သောင်း၊ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ငွေကျပ်တစ်သောင်း၊ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကငွေကျပ်သုံးသောင်း၊ တိုင်းမြေစာရင်းဦးစီးဌာနက ငွေကျပ်နောက်ခံသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားနေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

မြို့ပြနှင့် ကျေးလက်ကွာဟမှု နည်းနိုင်သမျှနည်းပါးစေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ဆောင်ရွက်နေ စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေး ညီညီညွတ်ညွတ်ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၈နာရီ၁၅မိနစ်တွင် ပုသိမ်မြို့မှ ငပုတောမြို့နယ်သို့ တပ်မတော်ရေယာဉ်ဖြင့် ထွက်ခွာကြရာ ငပုတောမြို့နယ်ရှိ မြို့မတံတားဆိပ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က မြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ဆက်လက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် တာဝန်ရှိသူများ၏ တင်ပြချက်များအရ ငပုတောမြို့နယ်သည် ပုသိမ်ခရိုင်ရှိ မြို့နယ်ခုနစ်မြို့နယ်အနက် လူဦးရေအများဆုံး မြို့နယ်ဖြစ်ပြီး ရေငန်ပုစွန်ကန်နှင့် ငါးကန်အများဆုံးရှိသော မြို့နယ်ဖြစ်သည့်အပြင် ဆားထုတ်လုပ်မှုတွင်လည်း တစ်နိုင်ငံလုံးတွင် အများဆုံး ထုတ်လုပ်ပေးနိုင်သည့် မြို့နယ်ဖြစ်သည်ကို တွေ့ရကြောင်း၊ ခရိုင်အတွင်း မိုးစပါးစိုက်ဧကအများဆုံး စိုက်ပျိုးနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အဓိကအထောက်အကူပြုသည့် တိုင်းကြီး ခြောက်တိုင်းတွင် ပါဝင်သည့် တိုင်းတစ်ခုဖြစ်ရာ ယင်းတိုင်းတွင်ပါဝင်သည့် ငပုတောမြို့နယ်သည်လည်း ဧရာဝတီတိုင်းအတွက်၊ နိုင်ငံတော်အတွက် အရေးပါသည့် မြို့နယ်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်မှ တာဝန်ရှိသူဝန်ထမ်းများနှင့် ပြည်သူများသည် မြို့နယ်၏စီးပွားရေး ပိုမိုကောင်းမွန်ရေးအတွက် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီးပွားရေးတောင့်တင်းခိုင်မာစေရန် အတွက်လည်း အဓိကလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုလည်း စီမံဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပြနှင့် ကျေးလက်ကွာဟမှု နည်းနိုင်သမျှ နည်းပါးစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုလည်း ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အောက်ခြေအထိ ကွင်းဆင်းပြီး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာအချင်းချင်းလည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပုသိမ်ခရိုင်အတွင်း မိုးစပါးအများဆုံး စိုက်ပျိုးနိုင်သည့် ငပုတောမြို့နယ်အနေဖြင့် နွေစပါးကိုလည်း တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်ကြောင်း။

ထို့ပြင် ဒေသနှင့် ကိုက်ညီမှုရှိမည့် အဓိကသီးနှံ ၁၀မျိုးအနက်မှ ပဲသုံးမျိုး၊ ဆီထွက်သီးနှံ သုံးမျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးတို့ကိုလည်း စိုက်ပျိုးရန် လိုအပ်ကြောင်း၊ သစ်ဆိမ့်ပင်များကို အိမ်ခြံဝိုင်းတွင်လည်းကောင်း၊ လမ်းဘေး ဝဲ၊ ယာတွင်လည်းကောင်း စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ထို့အတူ ငရုတ်ကောင်းပင်များကိုလည်း တိုးချဲ့စိုက်ပျိုးရန် လိုကြောင်း၊ ငပုတောမြို့အနေဖြင့် ယခုထက်ပို၍ မြို့အင်္ဂါရပ်နှင့်အညီ စီမံခန့်ခွဲကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

သားငါးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးကြပြီး ထောက်ပံ့ငွေများကို ပေးအပ်ကာ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုမည့် ချုံစုပ်စက် တစ်လုံးအတွက် ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်စန်းသီတာအောင်က လက်ခံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ငပုတောမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုမည့် ချုံစုပ်စက် တစ်လုံးအတွက်ငွေကျပ်နှစ်သိန်း ပေးအပ် လှူဒါန်းရာ မြို့နယ် လက်ထောက် ဆရာဝန် ဒေါက်တာ ဒေါ်စန်းသီတာအောင်က လက်ခံယူစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် သမိုင်းဝင် ရွှေမြင်းတင်စေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုပြီး စေတီတော်ကြီး ဘက်စုံ မွမ်းမံပြုပြင်တည်ဆောက်ရေးအတွက် အလှူတော်ငွေကျပ်သုံးသောင်းကို လှူဒါန်းကာ စေတီတော် ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် တပ်မတော်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ငပုတောမြို့နယ် ကျုံကူးကျေးရွာသို့ ညနေပိုင်းတွင် ရောက်ရှိပြီး လူမှုရေးအသင်းအဖွဲ့များ ဒေသခံ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်း အသစ်တည်ဆောက်လျက်ရှိသော ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အဆိုပါကျောင်းခွဲ ပိတောက်ခန်းမဆောင်၌ ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပွဲ အခမ်းအနားနှင့် ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်ငါးရပ်တွင် ပါဝင်သော ပညာရေးကဏ္ဍအတွက် ကျုံကူးကျေးရွာ၌ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ ရပ်မိရပ်ဖများ အနေဖြင့် မိမိရပ်ရွာ တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

အလှူငွေပေးအပ်

ဆက်လက်၍ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ တိုးချဲ့ဆောက်လုပ်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကျပ် ၁၀သိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ငွေကျပ်ငါးသိန်း၊ ဧရာဝတီတိုင်း တစ်သောင်း၊ တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ငွေကျပ်တစ်သောင်း၊ တိုင်းလျှပ်စစ်ဓာတ်အားလုပ်ငန်းက ငွေကျပ်တစ်သောင်း၊ တိုင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ငွေကျပ်သုံးသောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ်သုံးသောင်းနှင့် ရွှေမေတ္တာဇီဝမြေဩဇာက ငွေကျပ်ငါးသောင်း စုစုပေါင်း ငွေကျပ် ၂၈သိန်းငါးသောင်းကို လှူဒါန်းကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်တို့က လက်ခံကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် တပ်မတော်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံတပ်နယ်ခန်းမ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက ဟိုင်းကြီးကျွန်းမြို့၏

မြို့အဖြစ်သတ်မှတ်ပေးထား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဟိုင်းကြီးကျွန်းမြို့သည် သမိုင်းဝင်နေရာ ဖြစ်သကဲ့သို့ စီးပွားရေးအရလည်းကောင်း၊ တည်နေရာအရလည်းကောင်း အရေးပါသဖြင့် မြို့အဖြစ် သတ်မှတ်ပေးထားပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြို့ရွာနှင့် နယ်စပ်ဒေသပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာစေရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုကို သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဟိုင်းကြီးကျွန်းမြို့ကိုလည်း မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ခေတ်မီနည်းစနစ်များဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ရေငန်ပုစွန်များကို ယခုထက်ပိုမို မွေးမြူကြရေး၊ ဆီထွက်သီးနှံဖြစ်သော သစ်ဆိမ့်ပင်နှင့် အမယ်သစ်သီးနှံဖြစ်သော ငရုတ်ကောင်းပင်များကို တိုးချဲ့ စိုက်ပျိုးကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် အလုံမြို့နယ် အမှတ် (၄) မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက် အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာယ၊ ဉာဏ ကျောင်းတွင်း လုပ်ငန်းစွမ်းရည် တံခွန်စိုက်ဒိုင်း ပထမဆုရရှိသော မူလတန်းကြိုကျောင်း အမှတ် (၁)၊ ဒုတိယဆုရရှိသော မူလတန်းကြိုကျောင်း အမှတ်(၅)၊ တတိယဆုရရှိသော မူလတန်းကြိုကျောင်း အမှတ် (၄) ကျောင်းများကို လည်းကောင်း၊ ဉာဏ စွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုရ ပထမ၊ ဒုတိယ၊ တတိယကျောင်းများကိုလည်းကောင်း ဝန်ကြီးက ဆုများကို အသီးသီး ချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းတွင်းလုပ်ငန်းစွမ်းရည် တံခွန်စိုက်ဆုရ ကျောင်းများကိုလည်းကောင်း၊ ကျောင်းတွင်း ကျောင်းပြင် စိမ်းလန်းစိုပြည်သာယာမှု ပထမ၊ ဒုတိယ၊ တတိယ ရရှိသော ကျောင်းများကိုလည်းကောင်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဆုများကို အသီးသီးချီးမြှင့်သည်။

ထို့နောက် ကလေးများ သင်ကြားလေ့ကျင့်မှုစွမ်းရည်ဆုနှင့် ဝန်ထမ်းများ စွမ်းရည် ပထမ၊ ဒုတိယ၊ တတိယဆုများကို ဝန်ကြီးနှင့်ဇနီး ၊ဒုတိယဝန်ကြီး၊ အထူးအရာရှိနှင့် ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများက ချီးမြှင့်ပေးသည်။ ပါဝင်ယှဉ်ပြိုင်ကြသည့် ကဏ္ဍလိုက်ဆုရကျောင်းများနှင့် ကလေးများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ MO, ASIA Co., Ltd Dumex က ငွေကျပ် လေးသိန်းကျော် တန်ဖိုးရှိ နို့မှုန့်များကိုလည်းကောင်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်မှ ငွေကျပ်ခြောက်သောင်း တန်ဖိုးရှိ ရေသန့်ဘူးနှင့် အချိုရည်ဘူးများကို လည်းကောင်း၊ ရွှေသံလွင်၊ စေတမန်၊ Naing Group၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ဦးသိန်းဟန် (Tokyo Pipe)၊ ဦးတင်မောင်ဝင်း–ဒေါ်ရှုပါ၊ ဦးမြစိုး–ဒေါ်တင်တင်မြင့် (တို့ရွှေပြည်ဆောက်လုပ်ရေး)၊ ဦးစိုးညီညီ (Feel) စားသောက်ဆိုင်တို့မှ စုပေါင်းလှူဒါန်းငွေကျပ် ၁၁၆၀၀၀၀တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တာဝန်ရှိသူများက လက်ခံသည်။ ထို့နောက် ဆုရရင်သွေးငယ်များက အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏ ဘက်စုံ စွမ်းရည်ပြိုင်ပွဲတွင် အကပြိုင်ပွဲ၌ ဆုရရှိသော ရင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ကျင်းပပြုလုပ်နိုင်ရေး ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နိုင်ရန် မတ် ၁ ရက်မှ စတင်၍ ပြည်သူများအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ် မတ် ၂၆ရက်တွင် (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပျိုးခင်းဈေးပွဲတော် ဆက်လက်ဖွင့်လှစ်ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဟင်းခင်းသီးနှံများကို ရာသီချိန်အလိုက် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သလို အထောက်အကူပြုနိုင်ရန် ပျိုးခင်းဈေးပွဲတော်ကို ရန်ကုန်မြို့ကန်တော်ကြီး မြေပဒေသာဥယျာဉ်၌ ပိတ်ရက်မရှိ ဆက်လက်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

အထွက်ကောင်း၍ အရည်အသွေးပြည့်ဝသော ဟင်းသီး၊ ဟင်းရွက် သစ်သီးဝလံများ၊ ပျိုးပင်များ၊ ငရုတ်ကောင်းနှင့် ပရဆေးပျိုးပင်များ၊ နှစ်ရှည်သီးပင် စားပင် ပျိုးထုပ်များနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ကိရိယာ၊ ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)

တကောင်းမြို့ဟောင်း အရှေ့ဘက် ရောဝတီမြစ်ကြောင်းဟောင်း ကွင်းဆင်းလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ပညာရှင်အဖွဲ့နှင့်အတူ ဖေဖော်ဝါရီ ၂၃ရက်က တကောင်းမြို့ဟောင်းနေရာ တူးဖော်မှုများကို သွားရောက်ကွင်းဆင်းကြည့်ရှုလေ့လာသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက တကောင်းမြို့ဟောင်း၏ အနောက်ဘက်တွင် ယခု စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်သည် ရှေးနှစ်ပေါင်းများစွာ ကာလက အရှေ့ဘက်မှ စီးဆင်းခဲ့ကြောင်းနှင့် တကောင်းမြို့၏အရှေ့ဘက်ဒေသတွင် ရှေးကျသော ယဉ်ကျေးမှုထွန်းကားခဲ့သည့် အထောက်အထားများ ရှာဖွေရန်အတွက် ပညာရှင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ကွင်းဆင်းလေ့လာရေး ပညာရှင်အဖွဲ့တွင် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်၊ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်၊ ရန်ကုန်တက္ကသိုလ် (ဘူမိဗေဒဌာန) ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်သိန်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာသူရဦး၊ ရန်ကုန်တက္ကသိုလ် (သမိုင်းဌာန) တွဲဖက်ပါမောက္ခ ဦးကိုကို၊ မြေတိုင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆွေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်နှင့် ဦးစိန်ထွန်း၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူးဦးသိန်းထွန်း၊ ဦးစီးအရာရှိ ဦးလှစောတို့ ပါဝင်ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကွင်းဆင်းလေ့လာရေး ပညာရှင်အဖွဲ့သည် တကောင်းဒေသ၊ ကြည်ညှပ်ဒေသ၊ မလည်ဒေသတို့တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကိုလည်းကောင်း၊ ဧရာဝတီမြစ်ကြောင်းဟောင်းလမ်းကြောင်းကိုလည်းကောင်း ဖေဖော်ဝါရီ ၂၃ရက်မှ ၂၆ရက်အထိ ကွင်းဆင်းလေ့လာခဲ့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁–၃–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** Industrial Organization Psychology (စိတ်ပညာအထူးပြု)
၅:၃၀	၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။ မြန်မာ့လက်သီး
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်" (အပိုင်း–၂၁)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၁၇)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ပညာရှင်အဖွဲ့များ ဧရာဝတီမြစ်ကြောင်းဟောင်း၏ နေရာတွင် တူးဖော်ထားသည့် မြေလွှာကို ကြည့်ရှု လေ့လာစဉ်။ (သတင်းစဉ်)

အဘိဓဇပူဇော်ပွဲနှင့် ဆွမ်းကြီးလောင်းလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နိုင်ငံတော် အစိုးရက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်တော်မူခြင်းခံရသော ညောင်တုန်းမြို့နယ်မှ ဈေးကျောင်း ဆရာတော်ကြီး၊ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩသဓာဘိဝံသအား မတ် ၂၀ ရက်တွင် ညောင်တုန်းမြို့၌ကျင်းပမည့် ချီးကျူးပူဇော်ပွဲနှင့် (တပေါင်းလပြည့်) မတ် ၅ ရက်တွင် သံဃာတော်နှင့် သီလရှင် အပါး ၄၀၀ တို့အား ဆွမ်းကြီးလောင်းလှူပွဲကျင်းပမည်။ လှူဒါန်းလိုသူများ ညောင်တုန်းအသင်း အမှတ်(၂၇၅–ပထပ်) ပန်းဆိုးတန်းကျောက်တံတား၊ ရန်ကုန်မြို့၊ ဖုန်း–၃၈၀၁၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ညှိနှိုင်းစည်းဝေး

ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး တိုင်းမှူးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၂၇ ရက် ညနေ ၅ နာရီတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အတွင်းပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ မြန်မာပြည်အရပ်ရပ်ရှိ ဒေသများသို့ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်များဖြင့် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ၊ ရန်ကုန်မြို့တွင်း နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ခရီးသည်တင် အဝေးပြေးယာဉ်ရပ်နားစခန်းကြီးများ၊ ဘူတာရုံများ၊ သင်္ဘောဆိပ်များနှင့် လေဆိပ်တို့၌ ယာဉ်၊ ရထားများ အချိန်မှန်ဝင်ထွက်ရေးနှင့် စနစ်တကျရှိစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေး ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် ယာဉ်အန္တရာယ်မရှိစေရေးတို့အတွက် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အလေးထားကြပ်မတ်

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် ဌာနဆိုင်ရာယာဉ်များ၊ ခရီးသည်တင်ဘတ်စ်ကားများ၊ ကိုယ်ပိုင်ယာဉ်များ၊ အငှားယာဉ်များ၊ ကြို့ပို့ယာဉ်များ နေ့စဉ် သွားလာလျက်ရှိရာ ယာဉ်လိုင်းများမှ ခရီးသည်တင် ဘတ်စ်ကားများအား တာဝန်ရှိသူအဆင့်ဆင့်ကကြပ်မတ်စစ်ဆေးမှုကြောင့် ယာဉ်မတော်တဆမှုများ လျော့နည်းလာသော်လည်းကိုယ်ပိုင်ယာဉ်များ၊ တက္ကစီအငှားယာဉ်များနှင့် ကြို့ပို့ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းမှုကြောင့် ယာဉ်မတော်တဆဖြစ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဖောက်ဖျက်သည့် မော်တော်ယာဉ်များအား ထိရောက်စွာ အရေးယူ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်အတွင်း ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေရေး တာဝန်ရှိသူအဆင့်ဆင့်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် အလေးထား ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားပြီးလိုအပ်သည်များ ဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝိသမလောဘသားများကို မျက်ခြည်မပြတ် စောင့်ကြည့် မသမာမှုတွေ့ရှိပါက ချက်ချင်းအရေးယူရန်လို

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဗဟိုရုံး ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းရုံးများမှ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဗဟိုရုံးမှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

စစ်ဆေးတင်ပြ

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က နိုင်ငံတော်နှင့် ပြည်သူလူထု၏ နစ်နာ ဆုံးရှုံးမှုများကို အဓိကထား စုံစမ်းဖော်ထုတ်ပေးရသည့်ဌာနဖြစ်သဖြင့် အဂတိတရားလေးပါးကင်းစင်ပြီး မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် စုံစမ်းစစ်ဆေး တင်ပြရန်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ကမောက်ကမဖြစ်အောင် ပြုလုပ်နေသည့် ဝိသမလောဘသား ကုန်သည်ပွဲစားများ၊ ကိုယ်ကျိုးရှာနေသူများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ မသမာမှုတွေ့ရှိပါက ချက်ချင်း အရေးယူရန်လိုကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးကို ဝန်ထမ်းအားလုံးက နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနောက်တွင် စည်းလုံးညီညွတ်စွာ တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ ဝန်ထမ်းများအနေဖြင့် စံငါးရပ်ဖြစ်သည့် စိတ်ဓာတ် ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုများနှင့် ပြည့်စုံရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လွင်၊ မန္တလေးတိုင်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိန်၊ သိပ္ပံနှင့် သုတေသန၊ လေ့ကျင့်ရေးနှင့် လုံခြုံရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီးတင်ပြကြပြီး အစည်းအဝေးကို ရပ်နားသည်။

အစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ရက်အထိ ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

လှူဒါန်း

ဦးလှဖေ(ဦးဆောင်ညွှန်ကြားရေးမှူး–ငြိမ်း)မြန်မာ့သစ်လုပ်ငန်းက အသက်(၇၅)နှစ်မြောက် စိန်ရတု မွေးနေ့အထိမ်းအမှတ်အဖြစ် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် ငါးသိန်းကို မြန်မာ့သစ်လုပ်ငန်းခမ္မာရုံ၌ လှူဒါန်းရာ နာရေးကူညီမှုအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံယူစဉ်။ (က–ပ)

လက်ခံရယူ

ဖေဖော်ဝါရီ ၂၈ ရက်က ဂျပန်နိုင်ငံမှ HOFUKU ဘုရားကျောင်း ကျောင်းထိုင်ဆရာတော် VENERABLE SAITO MASAMICHI က နီပေါနိုင်ငံ လုမ္ဗိနီဒေသ၌ တည်ထားကိုးကွယ်လျက်ရှိသည့် လောကမဏိစူဠာစေတီတော် ကျောက်ပြားခင်းရန်အတွက် အမေရိကန်ဒေါ်လာ တစ်သောင်း လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လက်ခံစဉ်။ (သတင်းစဉ်)

အထက(၂)သထုံ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

သထုံမြို့ အထက(၂)ကျောင်းတွင် နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်မည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၏ မိုးမခဆောင် လှမဠ္ဍုခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် ကျောင်းအုပ်ကြီး ဖုန်း–၀၅၇–၄၀၀၅၅၊ ဒေါ်ခင်သန်းနွဲ့ ဖုန်း–၀၁–၂၂၀၅၀၈၊ ကိုကျော်မင်းထွေး ဖုန်း–၀၁–၂၈၄၉၁၈နှင့် ဦးကိုကြီး ဖုန်း– ၀၅၇–၄၀၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင်သောတွင်း လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ထား၍ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၃ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၄ခုနှစ် ဇန်နဝါရီလ အတွင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်ယူအာအေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား အိုက်ကျောက်သည် လည်းကောင်း၊ ရင်း(၇) ခွဲ(၅)မှ တပ်သားစိုင်းခင်မောင်သည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၃၀တောင့်တို့ဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီတောတွင်း လက်နက်ကိုင် အဖွဲ့ရင်း(၂) ခွဲ(၂)မှ တပ်ကြပ်အဆင့်ရှိ ကိုကို၊ တပ်သားအောင်ငဲနှင့် လုရယ် တို့သည် အေကေ-၄၇ မောင်းပြန် ရိုင်ဖယ်တစ်လက်၊အမ်-၁၆မောင်းပြန် ရိုင်ဖယ်တစ်လက်၊ အမ်-၁၆နှင့်အမ်-၇၉ လောင်ချာတွဲ မောင်းပြန်ရိုင်ဖယ် တစ်လက် ကျည်အိမ်မျိုးစုံခြောက်ခု ကျည်မျိုးစုံ ၃၂၀တောင့်၊ ဗုံးသီး၁၀လုံး တို့ဖြင့်လည်းကောင်း၊အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ (၁) ဒီအိုရင်း(၂) ခွဲ(၄)မှ တပ်သား ကြည်ဝင်းသည်လည်းကောင်း၊ ဗကပ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ခရိုင် စည်းရုံးရေးမှူးဦးကျော်ဟန်သည် ပွိုင့်-၂၂ ပစ္စတိုတစ်လက်၊ ၎င်းကျည် ရှစ်တောင့်တို့ဖြင့်လည်းကောင်း၊ မွန်ခွဲထွက်တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်အဆင့်ရှိ ဝင်းဌေး၊ တပ်သား နိုင်ဦး၊ ကျော်ဦးနှင့်အောင်စိုးတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် သုံးလက်၊ အမ်-၇၉ ဒုံးပစ်လောင်ချာ နှစ်လက်၊ ကျည်အိမ်မျိုးစုံခြောက်ခု ကျည်မျိုးစုံ၁၅၂တောင့်၊ ၄၀ မမ ဗုံးသီး ၁၃လုံး၊ အိုင်ကွန် တစ်လုံးတို့ဖြင့်လည်း ကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ (၄) ဌာနချုပ် အထူးလုံခြုံရေးတပ်ခွဲမှ အရာခံဗိုလ်အဆင့်ရှိ စောသေးဝါးသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၆တောင့်တို့ဖြင့်လည်း ကောင်း၊ ရင်း(၁) ခွဲ(၂)မှ ဆေးတပ်သား စောလားလာသည် ရှေ့ထွက်မိုင်းနှစ်လုံး တို့ဖြင့်လည်းကောင်း၊ ဒီအိုရင်း(၇) ခွဲ(၁)မှ ဒုတပ်ကြပ်အဆင့်ရှိ စောထီးခူး ဇနီး နော်ဖော်လာ သားစောထီးရိုခူနှင့် စောခေါ်လာထူးတို့သည် လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်း လက်နက်ကိုင်အဖွဲ့ ရင်း(၂၀၂)မှ ဒုဆေးတာဝန်ခံကြည်စိုး ဇနီး မခင်မာချို သမီးစိုးစန္ဒာကျော်နှင့် နှင်းနှင်းဝေ၊သား ကျော်သွင်တို့သည် လည်းကောင်း၊ အင်န်ဒီအေတောတွင်း လက်နက်ကိုင် အဖွဲ့မှ နယ်မြေခံဝင်းဖော်ဦးနှင့်စောဖော ဝေတို့သည်လည်းကောင်း၊ ဒုတပ်ခွဲမှူး အဆင့်ရှိ တင်မောင်မြင့်၊ တပ်ကြပ်ကြီး အဆင့်ရှိ မြတ်ကျော်နှင့် ဇနီး နော်အေး သား မောင်သိန်းသိန်းလေး၊ တပ်ကြပ် အဆင့်ရှိ ဝင်းနိုင်၊ တပ်သားဝင်းဘိုနှင့် ဇနီး နော်ယုချော သား မောင်ကျော်သူ၊ တပ်သားမောင်ဇင်၊ အေးလွင်၊ ဖိုးဖော်၊ တပ်သား မောင်ကျော်နှင့် ဇနီး နော် တာလီ၊ တပ်သားကျော်ကော်လည်နှင့် ဇနီး နော်ဂါးဒီ သမီး မပန်းနွဲ့၊ သား မောင်ကော်ဖီ၊ တပ်သားသံချောင်း၊ တပ်သားမောင်ထွေးနှင့်ဇနီး မသန်းကြူ၊ တပ်သားရန်ကြီးအောင်နှင့်ဇနီး မချစ်ဖို သမီးများဖြစ်ကြသည့် မသူဇာမေ၊ မဝင်းမော်နှင့် မပန်းဝါတို့သည် အာရ် ပီဂျီလောင်ချာနှစ်လက်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အေကေ-၄၇မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ကာဘိုင် တစ်လက်၊ ကျည်အိမ်မျိုးစုံကိုးခု၊ ကျည်မျိုးစုံ ၁၅၂တောင့်၊ လက်ပစ်ဗုံး ငါးလုံး၊ ဗုံးသီးရှစ်လုံး၊ ရှေ့ထွက်မိုင်း နှစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ၄၉ဦးအား သက်ဆိုင်ရာတပ်စခန်း အသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးသည်။ (သတင်းစဉ်)

အောင်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

သာကေတမြို့နယ် ၁၀/တောင် (၁၂)ရပ်ကွက် တံခွန်တိုင်တောရကျောင်းတိုက်တွင် တည်ထားကိုးကွယ်သော အောင်စေတီတော်မြတ်ကြီးကို နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အောင်စေတီဓမ္မာစရိယ ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ၂၀၀၄ခုနှစ် မတ် ၅ရက်၊ ၁၃၆၅ ခုနှစ်(တပေါင်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ပခုက္ကူအသင်း (ရန်ကုန်) ဂုဏာပူဇာပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပခုက္ကူခရိုင်အတွင်းမှ ၂၀၀၄ ခုနှစ်တွင် သာသနာရေးဆိုင်ရာ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ ဆရာတော် တစ်ပါး၊ အပါအဝင် ဘွဲ့ရဆရာတော် ခုနစ်ပါးနှင့်သီလရှင် နှစ်ပါးတို့အား ပခုက္ကူအသင်း(ရန်ကုန်)မှ ဂုဏာပူဇာပွဲကို မတ် ၇ရက်(တနင်္ဂနွေ) မွန်းလွဲ ၁နာရီတွင် သိမ်ကြီးဈေး (မဟာသိမ်တော်ကြီး)၌ ကျင်းပမည်ဖြစ်ရာ ပခုက္ကူအသင်းသူ၊ အသင်းသားများ တက်ရောက်ပူဇော်ကြပါရန်နှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ဖုန်း-၅၃၅၄၉၆၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၂၈၄၇၇၃၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၆၄၂၄၄၅၊ အတွင်းရေးမှူး ဦးချစ်လှိုင် ဖုန်း-၃၇၂၃၃၀ တို့သို့ ထည့်ဝင် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြတ်ဆရာပူဇော်ကန်တော့ပွဲ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

၁၉၈၀ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အတွင်း အထက(၄)အင်းစိန်၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် အထက(၄) အင်းစိန်ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့နိုင်ရန်နှင့် အလှူငွေများကို ဖုန်း- ၀၉၅၀-၁၆၇၃၂၊ ၀၉၈၀-၂၄၄၈၉၊ ၆၄၃၇၃၄နှင့် ၆၄၀၂၁၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသိရသည်။ (က-ပ)

ပြေးခုန်ပစ်ရန်ပုံငွေ ရိုးရာလက်ဝှေ့ယှဉ်ပြိုင် လုံးချောက အာလီကို အလဲထိုးဖြင့်အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပြေးခုန်ပစ်ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ဆက်လက်ကျင်းပသည်။

သုံးချီကြားငါးပွဲတွင် လင်းအောင်(ရွှေရိုးရာ)နှင့် သိုးကောင်း (ပွဲကျောင်းသား) တို့ ယှဉ်ပြိုင်ရာ သရေကျသွားသည်။ ဒုတိယအတွဲ ကညင်မောင်မောင်(မလှိုင်)နှင့် စောဖိုးခွား (အင်းစိန်)တို့ယှဉ်ပြိုင်ရာ စောဖိုးခွား အနိုင်ရသွားသည်။ စောတညင် (မြောက်ဥက္ကလာ)နှင့် လူလေး(ရဲမွန်)တို့ပွဲတွင် လူလေးနိုင်သွားသည်။ သားအောင်ပွဲမောင် (မြောက်ဥက္ကလာ)နှင့် မောင်လေး(မြိတ်)တို့ ယှဉ်ပြိုင်ရာ မောင်လေး ဆေးကျသွားသည်။ စောအေးနိုင် (မျိုးဇာနည်)နှင့် ဇော်မိုးထွန်း (တွံတေး)တို့ပွဲမှာ သရေဖြစ်သွားသည်။

ငါးချီစိန်ခေါ်ပွဲ

ငါးချီအထူးစိန်ခေါ်ပွဲဖြစ်သည့် သားစစ်နိုင်(တွံတေး)နှင့် စိုင်းကို (ထားဝယ်)တို့ ပွဲမှာ သရေဖြစ်သွားသည်။ တိုက်ကျား (သူရဲကောင်း)နှင့် ဒေါင်းလေးတို့ပွဲတွင် ဒေါင်းလေးရင်စုံဒူးချက်ထိပြီး နာသွား၍ရှုံးသွားသည်။ ကျားသစ်လေး (ပြွန်တန်ဆာ) နှင့် စောဖွဲ့လေး (ထားဝယ်)တို့ပွဲတွင် ကျားသစ်လေး ဘယ်ဘက်လက် ဒဏ်ရာ ရရှိသွားသဖြင့် စောဖွဲ့လေး အနိုင်ရရှိသွားသည်။

နေစကြာအနိုင်ရ

တက်သစ်စကြယ်(လယ်/ဆည်)နှင့် နေစကြာ (ရွှေရိုးရာ)တို့ ယှဉ်ပြိုင်ကြရာ တက်သစ်စကြယ်က အရပ်ရှည်ပြီး နိုင်ချင်ကြက် ဖြစ်နေသည်။ အစပိုင်းသွက်သည်။ အရပ်ပုသော နေစကြာ ကြံ့ကြံ့ခံနေရသည်။ ယှဉ်ပြိုင်နေစဉ် ငိုက်ကျလာသော တက်သစ်စကို နေစကြာက ခြေဖြင့်ခတ်လိုက်ရာ တက်သစ်စ အနားတောင်းရသည်။

နေစကြာကပင် နောက်ပိုင်းဆက်လက် ဦးဆောင်ထိုးကြိတ်နေရာ ဒုတိယအချီ ၂ မိနစ် ၁၉ စက္ကန့်တွင် တက်သစ်စ ပစ်လဲကျပြီး အနားတောင်းရသည်။ ခေါင်းမူးကျသွားပြီး အမှတ် ရေတွက်ရာ ပြန်မထနိုင်ဖြစ်ကာ အရှုံးပေးသွားရသဖြင့် နေစကြာ အနိုင်ရသည်။

လုံးချောအနိုင်ရ

အဓိကငါးချီစိန်ခေါ်ပွဲဖြစ်သည့် အာလီနှင့် လုံးချောတို့၏ ယှဉ်ပြိုင်ပွဲကြီး စပါပြီ။ အာလီက ခြေတံလက်တံရှည်သဖြင့် ခြေချောင်း၊ခြေတံများကို အားကိုးသည်။ အလေ့အကျင့်ပျက်နေ၍ ထိုးကွက်မသွက်လှပါ။ လုံးချောက အာလီ၏ အားနည်းချက်များကိုသိလာပြီး ဘယ်ညာလက်တီးတွဲလုံးများဖြင့် ထိုးကြိတ်ရာ အာလီ အထိနာလာသည်။ လုံးချော၏ညာဖြောင့် လက်သီးချက်ကြောင့် အာလီ နှာခေါင်းထိပြီး သွေးကျရသည်။ လုံးချောက ဝိုက်ကာ ဝေ့ကာ ဝင်သော်လည်း အာလီက ခြေထောက်အားကိုးဖြင့်ကာနေသည်။ ထို့နောက် အာလီက ရုတ်တရက် ပြေးအဝင်တွင် လုံးချောက တုံ့ပြန်ထိုးနက်၍ အာလီမထနိုင်ဘဲ ရှုံးသွားရသည်။ (ကြေးမုံ)

Q . E . L . C (Language Centre)
March 8, 12 ဖွင့်မည်။
(BSE), 4SE, GRV, I.E, Writing
IELTS, TOEFL, FCE, SAT, GRE တစ်နှစ်ပတ်လုံး WTCS
(City Mart မျက်စောင်းထိုး)

REAL JOY TRAVELS & TOURS CO., LTD.
Tel : 09-50-18349, 294069, 202678, 09-50-11861
E-mail : sunhtut@myanmar.com.mm
: realjoy@mail4u.com.mm

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ လက်ထောက်စာရင်းကိုင် — မ (၂)ဦး
LCCI-III(ACCPAC)
ကွန်ပျူတာစာရင်း အစအဆုံးရေးဆွဲနိုင်ရမည်။
၂။ ရုံးဝန်ထမ်း (၁၀-တန်းအောင်) — မ (၂)ဦး
ထိုင်းဘာသာစကား ရေး/ဖတ်/ပြောကျွမ်းကျင်သူ
၃။ ကွန်ပျူတာကျွမ်းကျင်သူ(ဘွဲ့ရ) — မ (၂)ဦး
၄။ အလှပြင်ဝန်ထမ်း — မ (၂)ဦး
အလှပြင်လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
၅။ အရောင်းမြှင့်တင်ရေးဝန်ထမ်း (ဘွဲ့ရ) — မ (၂)ဦး
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
၆။ သန့်ရှင်းရေး — ကျား/မ (၂)ဦး

အမှတ်စဉ် ၁၊၂၊၃အတွက် အသက်(၂၅)နှစ်အတွင်းဖြစ်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ အမှတ်စဉ် ၄နှင့် ၅အတွက် အသက်(၂၅)နှစ်အတွင်းဖြစ်ရမည်။ အရပ်(၅'၂") အနည်းဆုံးရှိရမည်။ ရုပ်ရည်ချောမောပြေပြစ်ရမည်။ ကိုယ်အလေးချိန်(၁၀၅)ပေါင်ထက်မကျော်ရ။ စိတ်ဝင်စားသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း CV.Formများကို မိမိလက်ရေးဖြင့် ဖြည့်စွက်ရေးသား၍ မကြာမီက ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ အလှပြင်ဝန်ထမ်းအတွက် Post Card ဆိုဒ်အရွယ် ကိုယ်လုံးပေါ်ဓာတ်ပုံ (၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အထောက်အထားစုံလင်စွာဖြင့် ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ- အမှတ်-၁၂(က)၊ အောင်မင်္ဂလာအိမ်ရာ၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

Silver View
PACKAGE
Silver View Resort
Discount
E-mail-silview@shwefamily.com.mm

01-248248, 01-282409

URGENTLY REQUIRED
(For Local Service only)

Office Staff for Administration (3) Posts
- Female, ability to work under pressure and team-orientation
- 1 year experience, any graduate
- good skills in computer application knowledge especially type writing (both Myanmar and English)

Sale Representative (5) Posts
- Female, ability to work under pressure and team-orientation
- good personality, 1 year experience, any graduate
- well experience in computer equipments selling

Apply with CV and labour registration Card
not later than (15-3-2004)to

Myanmar World Distribution Co.,Ltd.
30, Phonegyi Street, Lanmadaw Township
Ph: 211281, 210430, 226280, 707303.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်ရိုးသစ် ဓာတုဗေဒဘာသာ သင်ခန်းစာများကို ဆက်လက် ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သင်ရိုးသစ် ဓာတုဗေဒဘာသာ သိကောင်းစရာ

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းရဲ့လမ်းညွှန်ချက်နှင့်အညီ ယခုနှစ် တက္ကသိုလ်ဝင်တန်း(ဒသမတန်း)စာမေးပွဲကြီးမှာ ဓာတုဗေဒဘာသာရပ်ကို သင်ရိုးသစ်နဲ့ သီးသန့်ဘာသာရပ်အနေဖြင့် စစ်ဆေးမှာဖြစ်ပါတယ်။

ဓာတုဗေဒသင်ရိုးသစ်မှာ Chapter (1) to Chapter (15) အထိပါရှိတယ်။ Chapter (1) ကတော့ The Electronic Structure of atoms, periodic table and chemical bonds အခန်းပဲ ဖြစ်တယ်။ ဒီအခန်းမှာ Atom ထက်သေးငယ်တဲ့အမှုန်များဖြစ်တဲ့ proton, neutron နဲ့ electron တွေအကြောင်းကို လေ့လာရမှာဖြစ်ပြီး Atom တွေရဲ့ electron တည်ဆောက်ပုံကို အသေးစိတ် လေ့လာရပါမယ်။ ဒါ့အပြင် ဒြပ်စင်များရဲ့ အလှည့်မှန်ဇယား The periodic table of the Elements ကို ထပ်မံသင်ယူရပါမယ်။ ထိုမှတစ်ဖန် ဒြပ်စင်များ (Elements) ကို လျှပ်စစ်ဓာတ်ဖိုဒြပ်စင် (Electropositive elements) နဲ့ လျှပ်စစ်ဓာတ်မဒြပ်စင် (Electronegative elements) များအကြောင်းကို သိရှိရမှာဖြစ်တယ်။ Atom အရွယ်အစား၊ Atom များ၏ Ionization energy နဲ့ Electron affinity အကြောင်းတွေအပြင် ဓာတ်စည်းများဖြစ်တဲ့ လျှပ်စစ်စည်း (Ionic bond)၊ ဖက်စပ်စည်း (Covalent bond)၊ ပေးမျှစည်း (Coordinate bond) နဲ့ သတ္တုစည်း (Metallic bond) တွေအကြောင်း စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

Chapter (2) ဖြစ်တဲ့ The Gaseous State and the Gas Laws အခန်းမှာ ဓာတ်ငွေ့အခြေတွင် ထုထည် (Volume)၊ ဖိအား (Pressure) နဲ့ အပူချိန် (Temperature) တို့ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပုံ၊ ဓာတ်ငွေ့များနဲ့ ပတ်သက်တဲ့ Boyle's Law, Charle's Law, Dalton's Law of partial pressure, Avogradro's Theory, Gay- Lussac's Law of Combining volumes of gases, Graham's Law of gaseous diffusion တွေ အကြောင်းအပြင် ယင်းတို့နဲ့ ဆက်နွှယ်တဲ့ပုစ္ဆာတွေကို တွက်ချက်ရမှာဖြစ်တယ်။

Chapter (3) Stoichiometry အခန်းမှာ ဓာတုဗေဒညီမျှခြင်းတွေ၊ ဓာတ်ပြုခြင်းတွေကို ဓာတုသင်္ချာအနေဖြင့် ဖြေရှင်းလေ့လာရမှာ ဖြစ်တယ်။

Chapter (4) Electrolysis လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းအခန်းမှာ Conductors, Electrolyte and Electrical Conductivity အကြောင်း၊ The ionic theory နဲ့ Electrolysis of salt solutions အကြောင်းအပြင် Faraday's law of electrolysis နဲ့သက်ဆိုင်တဲ့ ပုစ္ဆာများကို လေ့လာဖြေရှင်းရမှာဖြစ်တယ်။

Chapter (5) ကတော့ Oxidation and Reduction အခန်းဖြစ်တယ်။ ဒီအခန်းမှာ ဓာတ်တိုးခြင်းနှင့် ဓာတ်လျော့ခြင်း၊ ဓာတ်ပြုခြင်းတွေကို လေ့လာရမယ်။ ဓာတ်တိုးပစ္စည်း Oxidizing agent၊ ဓာတ်လျော့ပစ္စည်း Reducing agent အကြောင်းအရာတွေ၊ ဓာတ်တိုးခြင်း၊ ဓာတ်လျော့ခြင်း ညီမျှခြင်းများညှိခြင်း (Balancing Oxidation - Reduction Equation) ကို စနစ်တကျလေ့လာကြမယ်၊ လေ့ကျင့်ကြရမယ်၊ Ion-electron (half- reaction) method နဲ့ ညီမျှခြင်းများ ညှိနည်းကိုပါ အသေးစိတ်လေ့လာကြရပါမယ်။

Chapter (6) Rates of reactions and equilibria အခန်းမှာ ဓာတ်ပြုခြင်းနဲ့ ဓာတ်ပြုနှုန်း ဓာတ်ပြုညီမျှခြေများကို ဥပမာများဖြင့် လေ့လာပြီး သင်ယူရမှာဖြစ်တယ်။

Chapter (7) Energy changes in chemical reaction အခန်းမှာတော့ စွမ်းအင်အမျိုးမျိုးဖြစ်တဲ့ အရွေ့စွမ်းအင် (Kinetic energy)၊ အတည်စွမ်းအင် (Potential energy)၊ အပူစွမ်းအင် (Thermal energy)၊ ဓာတုစွမ်းအင် (Chemical energy) နဲ့ လျှပ်စစ်စွမ်းအင် (Electrical energy)၊ မော်တာမှ ထုတ်ယူရရှိတဲ့ စက်မှုစွမ်းအင် (Mechanical energy) အကြောင်းအရာတွေကို ဆက်စပ်လေ့လာရမှာဖြစ်တယ်။ အထူးသဖြင့် ဒီအခန်းမှာ ဓာတ်ပြုခြင်း၌ ဖြစ်ပေါ်သော အပူထွက်ဓာတ်ပြုခြင်း (Exothermic reaction)၊ အပူစုပ်ဓာတ်ပြုခြင်း (Endothermic reaction) တွေကို သင်ယူရပါမယ်။ ဒါ့အပြင် ဓာတ်ပြုခြင်းလောင်ကျွမ်းအပူ (Heat of combustion)၊ ဒြပ်ပေါင်းဖြစ်အပူ (Heat of formation) ဓာတ်ပြယ်ခြင်းအပူ (Heat of neutralization) အကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး Hess's law of constant heat summation ပုစ္ဆာတွေကို တွက်ထုတ်ပြီး လေ့လာရမှာဖြစ်လို့ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

Chapter (8) Some important metals and their compounds အခန်းမှာ အရေးကြီးတဲ့ သတ္တုများဖြစ်တဲ့ ဆိုဒီယမ် (Sodium)၊ မဂ္ဂနီဆီယမ် (Magnesium)၊ ကယ်လ်ဆီယမ် (Calcium)၊ အလူမီနီယမ် (Aluminium)၊ ခဲ (Lead) အစရှိသော သတ္တုများထုတ်ဖော်နည်းနဲ့ ဓာတ်ပြုခြင်းများကို လေ့လာသင်ယူရပါမယ်။

Chapter (9) ဖြစ်တဲ့ Some important metals and their compounds အခန်းမှာ စက်မှုလုပ်ငန်းမှာအရေးကြီးသော သတ္တုများဖြစ်တဲ့ သံ (Iron)၊ ကြေးနီ (Copper)၊ ငွေ (Silver)၊ သွပ် (Zinc) တို့ရဲ့ ထုတ်ယူနည်းများ၊ သတ္တုဒြပ်ပေါင်းများရဲ့ ထုတ်ဖော်နည်း၊ ဓာတ်ပြုခြင်းများ၊ ဓာတ်ဂုဏ်သတ္တိများနဲ့ အသုံးပြုနည်းများကိုပါ လေ့လာသင်ယူရပါမယ်။

Chapter (10) အခန်းမှာ Nitrogen ဓာတ်ငွေ့ထုတ်ဖော်ပုံ၊ ဂုဏ်သတ္တိများနဲ့ အသုံးပြုပုံများကို သင်ယူရပါမယ်။ ဒါ့အပြင် Nitrogen ရဲ့ အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Ammonia (NH_3), Nitrogen oxide (NO), Dinitrogen oxide (N_2O), Nitrogen Dioxide (NO_2) , Nitric acid (HNO_3) စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရပါမယ်။

Chapter (11) Sulphur and its compounds အခန်းမှာ ကန့် (Sulphur) ကို မည်သို့ထုတ်ဖော်ပုံ၊ အသွင်ကွဲများတည်ဆောက်ပုံနှင့် ရုပ်နှင့်ဓာတ် ဂုဏ်သတ္တိများကို အသေးစိတ်လေ့လာရမှာ ဖြစ်တယ်။ ဒါ့အပြင် Sulphur ရဲ့ အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Hydrogen sulphide (H_2S), Sulphur dioxide (SO_2), Sulphur trioxide (SO_3), Sulphuric acid (H_2SO_4) စသည်တို့ရဲ့ ထုတ်ဖော်ပုံ ဂုဏ်သတ္တိများ၊ ဓာတ်ပြုခြင်းများကို စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

Chapter (12) The Halogens အခန်းမှာ ဟေလိုဂျင်များဖြစ်တဲ့ Chlorine (CL_2),Bromine,(Br_2), Iodine (I_2) တို့ရဲ့ ထုတ်ဖော်ပုံ ဂုဏ်သတ္တိများကို စနစ်တကျသင်ယူရပါမယ်။

Chapter (13) Acids, Bases and their neutralization အခန်းမှာ အက်စစ်များ၊ ဗေ့များရဲ့ Theory များ၊ The hydrogen ion exponent (pH)၊ အက်စစ်ပြင်းအား (Strength of acids)၊ အက်စစ်နှင့် ဗေ့ဓာတ်ပြုခြင်းများ (Neutralization of acids and bases)၊ ဆားများရေသွင်းဖြိုခွဲခြင်း (Hydrolysis of salts)၊ ကြားခံဖြေဖျော်ရည် (Buffer Solution)၊ အညွှန်းပစ္စည်းများ (Indicators)၊ ထုထည်တိုင်း ဓာတ်ခွဲခြင်း (Titration or volumetric analysis) တို့ရဲ့ သဘောတရားနဲ့ လက်တွေ့လုပ်ငန်းတွင် အသုံးပြုပုံများကို ဥပမာများဖြင့် လေ့လာတွက်ချက်ပြီး အဖြေရှာရမှာဖြစ်တယ်။

Chapter (14) Organic chemistry အခန်းမှာ Carbon compounds များဖြစ်တဲ့ Alkane (ပြည့်ဝဟိုက်ဒရိုကာဗွန်) သို့မဟုတ် တစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန်၊ မပြည့်ဝဟိုက်ဒရိုကာဗွန်ဖြစ်တဲ့ alkene သို့မဟုတ် နှစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန်၊ alkyne သို့မဟုတ် သုံးထပ်စည်းပါ ဟိုက်ဒရိုကာဗွန်တို့ရဲ့ ထုတ်ဖော်ပုံဓာတ်ပြုခြင်းများ ဒြပ်ပေါင်းများရဲ့ Graphic formula, Electron dot-cross formula၊ အမည်ပေးစနစ် (Nomenclature) တို့ကိုပါ အသေးစိတ်လေ့လာရပါမယ်။ ဒါ့အပြင် ဆေးဝါးနဲ့ စက်မှုလုပ်ငန်းမှာ အသုံးဝင်တဲ့ အက်သနော (Ethanol) ရဲ့ ထုတ်ဖော်ပုံ အမျိုးမျိုးနဲ့ ဓာတ်ပြု ညီမျှခြင်းများကို လေ့လာရပါမယ်။

Chapter (15) Chemistry in Society အခန်းမှာ ခေတ်မီလယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အရေးပါတဲ့ ဓာတ်မြေဩဇာ (Chemical fertilizers) အကြောင်းတင်ပြထားပါတယ်။ အကြောင်းကတော့ စပါးအပါအဝင် ကောက်ပဲသီးနှံ စိုက်ပျိုးတဲ့အခါမှာ အပင်များရဲ့ အာဟာရဓာတ်ဖြစ်တဲ့ Nitrogen (N), Phosphorus (P), Potassium (K) တို့ကို ဓာတ်မြေဩဇာက မြေမှတစ်ဆင့် ဖြန့်ဝေပေးပါတယ်။ မြေမှတစ်ဆင့် စပါး၊ ကောက်ပဲသီးနှံများ အာဟာရဓာတ်ရတဲ့အခါ အပင်ကြီးထွားမှု၊ အသီးနှင့်အစေ့ကြီးထွားသဖြင့် စပါးအထွက်တိုးခြင်း စသည်တို့ကို အကျိုးခံစားရပါတယ်။ ဒီအခန်းမှာ Nitrogen fertilizer ဖြစ်တဲ့ Urea, Ammonium Sulphate, Ammonium nitrate ထုတ်ဖော်အသုံးပြုပုံများ၊ Phosphate fertilizer ဖြစ်တဲ့ Superphosphate, potassium fertilizer ဖြစ်တဲ့ potassium chloride, potassium sulphate ထုတ်ဖော်အသုံးပြုပုံများကို ရှင်းပြထားပါတယ်။

ဒါ့အပြင် ဆောက်လုပ်ရေးတွင် အရေးကြီးတဲ့ ဘိလပ်မြေ (cement) ထုတ်ဖော်နည်းနဲ့ ဓာတုဗေဒအခြေခံ သဘောတရားတွေကို လေ့လာရပါမယ်။ ပင်လယ်ရေမှအသုံးဝင်လှတဲ့ အိမ်သုံးဆား (Sodium chloride) ထုတ်ဖော်နည်းများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

ယခု တက္ကသိုလ်ဝင်တန်း ဓာတုဗေဒဘာသာ သင်ရိုးသစ်မေးခွန်းလွှာမှာ အမှတ်(၁၀၀)ဖိုးဖြစ်တယ်။ မေးခွန်းလွှာမှာ အပိုင်းနှစ်ပိုင်းပါတယ်။ Section (A) နှင့် Section (B) ဖြစ်တယ်။ Section (A) မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ (objective type questions) များဖြစ်ပြီး အမှတ်(၃၆)မှတ်ဖိုးဖြစ်တယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်း(၅)မျိုးကို မေးထားတယ်။ ယင်း(၅)မျိုးကတော့-

(၁) မှန်/မှား ရွေးချယ်မေးခွန်း (True or False question type) အတွက် အမှတ် (၇)မှတ်။

(၂) ကွက်လပ်ဖြည့်စွက်ခြင်း (Fill in the blank question type) အတွက် အမှတ်(၇)မှတ်။

(၃) အမှန်ဆုံးကိုရွေးချယ်ခြင်း (Multiple choice question type) အတွက် အမှတ် (၇)မှတ်။

(၄) တူညီသောအကြောင်းအရာကို ပူးတွဲစီရီပေးခြင်း (Matching type question type) အတွက် အမှတ်(၇)မှတ်။

(၅) မေးခွန်းတိုမေးခြင်း (Short question type) အတွက် အမှတ်(၈)မှတ်၊ စုစုပေါင်း (၃၆)မှတ်ဖြစ်တယ်။

Section (B) မေးခွန်းမှာ နံပါတ် (၆)၊ (၇) နှင့် (၈)ပါပြီး စုစုပေါင်း (၆၄)မှတ်ဖိုး ဖြစ်တယ်။ အမှတ်ခွဲဝေပုံမှာ မေးခွန်းနံပါတ်(၆)အတွက် (၂)မှတ်တန် ခြောက်ပုဒ်ဖြေရပြီး (၁၂)မှတ်၊ မေးခွန်းနံပါတ်(၇)မှာ မေးခွန်း ငါးပုဒ်ဖြေရပြီး (၄)မှတ်တန်မေးခွန်းမို့ (၂၀)မှတ်၊ မေးခွန်းနံပါတ် (၈)မှာ မေးခွန်း လေးပုဒ်ဖြေရပြီး တစ်ပုဒ်(၈)မှတ်တန် မေးခွန်းဖြစ်သဖြင့် (၃၂)မှတ်ဖြစ်တယ်။

မေးခွန်းနံပါတ်(၆)တွင် ရွေးချယ်စရာမပေးဘဲ ပုဒ်ရေ ၆ ပုဒ်ဖြစ်၍ (၁၂)မှတ်၊ မေးခွန်းနံပါတ် (၇)တွင် ပုဒ်ရေ ခုနစ်ပုဒ်မှ ငါးပုဒ်ရွေးချယ်ဖြေဆိုရ၍ (၂၀)မှတ်၊ မေးခွန်း(၈)တွင် ခုနစ်ပုဒ်မှ လေးပုဒ်ရွေးချယ်ဖြေဆိုရ၍ (၃၂)မှတ်၊ ထို့ကြောင့် မေးခွန်း(၆)တွင် (၁၂)မှတ်၊ မေးခွန်း(၇)တွင် (၂၀)မှတ်နှင့် မေးခွန်း(၈)တွင် (၃၂)မှတ် ပေးတာမို့ Section (B) အတွက် စုစုပေါင်း (၆၄)မှတ်ဖြစ်တယ်။

သို့ဖြစ်သောကြောင့် ဓာတုဗေဒသင်ရိုးသစ်မှာ အခန်း(၁၅)ခန်းပါတာမို့ Section(A) နဲ့ Section(B) မေးခွန်းပိုင်းမှာ မျှမျှတတ ပါမှာဖြစ်တယ်။ အခြေခံသဘောတရားကိုသာပိုင်ရင် မေးခွန်းတွေကို ရွေးဖြေတဲ့နေရာမှာ မှန်မှန်ကန်ကန် ရွေးချယ်တတ်တာမို့ အမှတ်မြင့်မြင့်ရမှာဖြစ်တယ်။

အထူးသဖြင့် Section(A) ဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တာမို့ အမှတ်ပြည့်နီးပါးရနိုင်အောင် ဓာတုဗေဒသင်ရိုးမှာ လေ့ကျင့်ခန်းပါ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို လေ့ကျင့်ထားဖို့လိုပါတယ်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနက ထုတ်ဝေတဲ့ ဓာတုဗေဒဂျာနယ်ကို ဖတ်ရှုလေ့လာရင် Section (A) နဲ့ Section (B) မှာ မေးထားတဲ့ မေးခွန်းပုံစံကို ဖြေနည်းသိရှိမှာ ဖြစ်တယ်။ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုတဲ့ စကားလုံးများအတိုင်း စနစ်တကျလေ့လာလေ့ကျင့်ထားရင် စာမေးပွဲကြီးမှာ ကောင်းမွန်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။ အမှတ်များများလည်း ရမှာဖြစ်တယ်။

မောင်မယ်တို့အားလုံး ယခုနှစ်မှာဖြေဆိုရမယ့် ဓာတုဗေဒသင်ရိုးသစ်ကို အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ။

"မြင်း" ဟော်တယ်ကုမ္ပဏီ

(5, 25 March - 1 April)

(5, 25 March - 1 April)

(29 Feb , 5, 19 March)

AC Bus, Restaurant, Hotel & Guide Service

5,26 Mar

20 Mar

April 12

Ph: 378547

Ph:784432, 547295

ပေလီသကြိန်

ကမ်းသာယာ EXPRESS Ph: 292268

MAR 2,16,23

ELITE Engineering Group

Programmable Logic Controls (P.L.C)

☎ 373275 708342

ပေလီသကြိန်

ပေလီ(၄)ညအိပ် စား/တည်း/ငြိမ်း

မြို(၁၂)ရက်ညထွက်မည်

ပန်းသဇင်အဖွဲ့

၃၀၃၊အနော်ရထာလမ်း၊ ကုန်ဈေးတန်း

လမ်းထိပ်။ ဖုန်း-၂၄၃၇၆၀၊ ၃၈၀၅၂၇။

အမြန်ရောင်းမည်

၂၀'X၂၀'၊ အခန်းကျယ်၊ အသင့်ပြင်ဆင်၊ နှစ်လွှာ၊ ဖုန်း၊ AC ၊ ၅၁ လမ်း၊ ၁၀၀'X၁၀၀'မြေအုတ်တံတိုင်းခတ်ပြီး၊ ရေ၊ မီးစုံ၊ သာယာအေးလမ်း၊ မရမ်းကုန်း၊ ရုံးချိန်အတွင်း ၂၀၂၆၂၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ပတ်စ်ပို့အမှတ် ၂၉၈၂၁၉ သည် ၁၈-၂-၂၀၀၄နေ့တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဦးကျော်သိန်း၊ ၀၉-၉၉-၂၄၇၈၄။**



စံအိမ်နီ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်

SUN BRAND ဘီဖဲ RUBBER ROLLER

SAN EIN NI INTERNATIONAL TRADING CO., LTD.

အထူးလျှော့ဈေး



စံအိမ်နီ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဂျပန်နည်းပညာ၊ ဂျပန်စက်ကြီးများဖြင့် ထုတ်လုပ်သော ပြည်တွင်းဖြစ် အရည်အသွေးမီ ကြိတ်ခွဲအားကောင်းပြီး သက်မှတ်စံချိန်အတွက် အာမခံသည့် 10"x10" နှင့် 6"x8 ¾"ကျောက်ကြိတ်လုံးများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင် ပါသည်။ (1 . 3 .2004) မှ (30 . 4 .2004) ရက်နေ့ထိ Promotion ကာလအတွင်း ပစ္စည်းတစ်မျိုးစီအတွက် (10) လုံး ဝယ်လျှင် (1)လုံးလက်ဆောင် ပေးချီ ရောင်းချပေးနေပါသည်။

- 10" x 10"ကျောက်ကြိတ်လုံး (1) လုံးလျှင် - 33000 ကျပ်
- 6" x 8 ¾"ကျောက်ကြိတ်လုံး (1) လုံးလျှင် - 18000 ကျပ်
- 10"x 10" ကျောက်ကြိတ်လုံးတစ်လုံးကို 10" x 8"သံခွံတစ်လုံးပေးပြီး ဝယ်ယူလျှင် - 4000 ကျပ် လျှော့ပေးမည်။
- 6" x 8¾" ကျောက်ကြိတ်လုံးတစ်လုံးကို 6" x 7"သံခွံတစ်လုံးပေးပြီး ဝယ်ယူလျှင် - 2000 ကျပ် လျှော့ပေးမည်။
- 10" x 8" သံခွံတစ်လုံး စက်ရုံအရောက်ဝယ်ဈေး - 1200 ကျပ် ဖြင့်ဝယ်ယူသည်။
- 6" x 7" သံခွံတစ်လုံး စက်ရုံအရောက်ဝယ်ဈေး - 750 ကျပ် ဖြင့်ဝယ်ယူသည်။
- ကျောက်ကြိတ်လုံးများကို နယ်ကိုယ်စားလှယ်ယူလိုသူများနှင့်ဆန်စက်ပိုင်ရှင်များ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် - ဦးချစ်မိုးဆွေ ၊ ဒေါ်သီတာမြင့်

အိမ် - အမှတ် (143)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ☎ - 01-542255

စက်ရုံ - အမှတ် (21)၊ အထက်ပုဇွန်တောင်လမ်း၊ ဆန်စက်အုပ်စု၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ - 01-290302

(1-3-2004) မှ (30-4-2004) ရက်နေ့အထိ ကျပ်ငွေဖြင့် 10"x10"(သို့)6"x8¾" **ကျောက်ကြိတ်လုံးတစ်လုံးအတွက်** 10% **လျှော့ပေးမည်။**



အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေစက်မှုလုပ်ငန်း

မှ

ဖေါင်မြန်မာအပ်ချုပ်စက်များကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချပေးနေပါပြီ

(၁) မြန်မာပြည်တွင် နှစ်ပေါင်းများစွာကျော်ကြားသည့် Singer အပ်ချုပ်စက်နည်းပညာနှင့် ဒီဇိုင်းအတိုင်း အရည်အသွေးမီ ထုတ်လုပ်ထားပါသည်။

(၂) မော်တာဖြင့် တွဲဖက်အသုံးပြုနိုင်၍ ပေါ့ပါးသွက်လက်စွာ ချုပ်နိုင်ပါသည်။

(၃) မြန်မာဆန်သော ပန်းဒီဇိုင်းများဖြင့် အလှဆင်ထားပါသည်။

(၄) ဈေးနှုန်းချိုသာပြီး လူတန်းစားမရွေး အသုံးပြုနိုင်ပါသည်။

အသေးစိတ်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သောနေရာများ

- ✱ ဝင်းသုတအရောင်းဆိုင်များ
- ✱ ရုံးချုပ် ဖုန်း - ၀၁-၅၆၀၆၈၇၊ ၀၁-၅၆၆၀၅၉၊ ၀၁-၂၉၀၁၂၀
- ✱ အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်) ဖုန်း - ၀၆၆-၅၀၅၃၇

ချောင်းသာသီးသန့်

(၂)ညအိပ်(၃)ရက်ခရီး

၅-၃-၂၀၀၄ထွက်မည်။

Golden Hope Int' Ltd.

ဖုန်း-၂၀၂၃၇၇၊ ၇၀၃၂၂၀။

Day Car Rental

Ph:54236, 09-9927680

ကားရောင်းမည်

-Town Ace

-Super Extra

၅က/ဈေထောင်ကျော်

88-model , Diesel

661344, 726210.

ရောင်း/ငှားမည်

ပုလဲမြို့သစ်တွင် ကြက်ကောင်ရေ ၂၀၀၀ဆံ့ ကြက်ခြံ(၇)ခြံဈေးနှုန်းချိုသာစွာဖြင့် ရောင်းမည် (သို့) ငှားမည်။

ဆက်သွယ်ရန်-၂၀၁၇၄၅။

၁-၃-၂၀၀၄မှ ၁၅-၃-၂၀၀၄အထိ Program (4) စတင်ပါပြီ။ ၁၇-၃-၂၀၀၄နေ့တွင် ပေါက်သောဆုမဲများကို စိန်ဂေဟာနှင့်ဆိုင်ခွဲများတွင် ကြော်ငြာပေးပါမည်။ ပေါက်သောဆုမဲများကို ထုတ်ပြန်ပြီးနေ့မှစ၍ တစ်လအတွင်း လာရောက်ထုတ်ယူနိုင်သည်။

ပါးပါး ဦးတင်အေး (အကောက်ခွန်ရှင်းလင်းရေး)

အတွက်

မွေးနေ့ဆုတောင်း

"မတ်လ(၁)ရက်နေ့တွင် ကျရောက်တဲ့ ပါးပါးရဲ့ (၅၉)နှစ်မြောက် မွေးနေ့မှသည် နောက်နှစ်ပေါင်း (၁၂၀)တိုင်အောင် သမီးတို့ မိသားစုနှင့်အတူ ထာဝရပျော်ရွှင်စွာဖြင့် အောင်မြင်မှုအပေါင်း ပြည့်စုံပါစေ"

တစ်ဦးတည်းသော ချစ်သမီးလေး

ဂွမ်းပုံ (မအေးအေးမော်) ကွန်ပျူတာတက္ကသိုလ် (ဒုတိယနှစ်)။



(၃၆)ကြိမ်မြောက်အလောင်းတော်ကဿပဖူးမြော်ရန် (ဒုတိယခရီးစဉ်)

အလောင်းတော်ကဿပအရှင်မြတ်အား (၃၆)ကြိမ်မြောက်ဖူးမြော်မည့် ဒုတိယခရီးစဉ်ကို အလောင်းတော်ကဿပဝန်ဆောင်အဖွဲ့ နာယကဆရာတော် ဦးသုမန စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ဖိုလ်ဝင်တောင်ပုပ္ပားကျောင်း ဖုန်း-၀၂-၆၇၇၄၂က ဦးဆောင်၍ ၂၅-၃-၂၀၀၄နေ့ ထွက်ပါမည်။ ဖိုလ်ဝင်တောင်မှလိုက်ပါလိုသူများ ၂၄-၃-၂၀၀၄နေ့အရောက် လာကြရမည်။ ရန်ကုန်မှ ၂၂-၃-၂၀၀၄နေ့ ညနေထွက်ခွာမည်ဖြစ်ပြီး ၃၀-၃-၂၀၀၄ပြန်ရောက်ပါမည်။

ရန်ကုန်မှလိုက်ပါလိုသူ ပါရမီရှင်များသည် ဦးမောင်မောင်ဋ္ဌေး အမှတ် (၈၂၁)၊ မဟာဗန္ဓုလလမ်း၊ (၁၀)လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၆ ၀၂၄သို့ ၁၅-၃-၂၀၀၄နောက်ဆုံးထား စာရင်းပေးသွင်း ဆက်သွယ်နိုင်ပါကြောင်းသိရှိပါသည်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက်၉း၃၀နာရီမှ ညနေ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။**

စီးပွားဖြစ်မှိုမျိုးစုံစိုက်ပျိုးရေး(၇)ရက်၊ ရက်တိုသင်တန်း

၁။ **သင်တန်းဖွင့်မည့်ရက်များ**
(က) အမှတ်စဉ် ၂/၂၀၀၄(၁၅-၃-၂၀၀၄)မှ (၂၁-၃-၂၀၀၄)ထိ
၂။ သင်တန်းအချိန်(နံနက် ၉း၃၀နာရီမှ ညနေ၄နာရီထိ)
၃။ သင်တန်းတစ်ကြိမ်လျှင်သင်တန်းသား(၅၀)ဦးသာလက်ခံမည်။
၄။ သင်တန်းကြေး(၈၀၀၀)ကျပ်၊ စားသောက်စရိတ်(၄၅၅၀)ကျပ်၊ အဆောင်ကြေး(၃၅၀)ကျပ်။
၅။ အဆောင်နေလိုသူများအတွက် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တစ်ပါတည်းပါရှိရမည်။
၆။ **သင်ကြားပို့ချမည်ဘာသာရပ်များ**
(က) ပြည်တွင်းစားသုံးမှိုအမျိုးမျိုးမွေးမြူစိုက်ပျိုးနည်း
(ခ) ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် မှိုများမွေးမြူစိုက်ပျိုးနည်း။
(ဂ) ဆေးဘက်ဝင်မှိုအမျိုးမျိုး မွေးမြူစိုက်ပျိုးထုတ်လုပ်နည်းများကို သင်ကြားပို့ချပေးပါမည်။
၇။ ပုဂ္ဂလိကစီးပွားဖြစ်စိုက်ပျိုးအောင်မြင်လျက်ရှိသည့် စိုက်ပျိုးခင်းများသို့လည်း လေ့လာရေးခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၆၆၃၇၄၂၊ ၆၆၅၀၅၉။
လမ်းညွှန်-မင်္ဂလာဒုံကားစီး၍ အဝေမ်းမှတ်တိုင်တွင်ဆင်းပါ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်စစ်ဆေးရေးဌာန
သင်တန်းသားခေါ်ယူခြင်း

လျှပ်စစ်ကျွမ်းကျင်မှုအထူးသင်တန်းကို ၈-၃-၂၀၀၄ရက်နေ့မှစ၍ ရက်သတ္တ(၄)ပတ်ကြာဖွင့်လှစ်မည်ဖြစ်ပါသည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဤဌာနမှဖွင့်လှစ်သော လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း ဒုတိယဆင့် တက်ရောက်ပြီးသူများသည် သင်တန်းတက်ရောက်လိုပါက အောက်ပါဌာနသို့ ဆက်သွယ်စုံစမ်း၍ ၄-၃-၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး လျှောက်လွှာတင်သွင်းကြရန် ကြေညာအပ်ပါသည်။

လျှပ်စစ် စစ်ဆေးရေးဌာန
အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၆၆၃၇၅၇၊ ၆၆၃၇၅၃။





တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်ညွန့်ညွန့်စိန် B.Ed
(အထက်မင်းလှ) ၁-၃-၂၀၀၃-၁-၃-၂၀၀၄

မိသားစုကိုခွဲခွာသွားတာ ၁-၃-၂၀၀၄ရက်နေ့တွင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ ကြေကွဲစွာဖြင့် သတိရလျက်ပါ၊ တစ်နှစ်တာပတ်လုံး လှူဒါန်းခဲ့သော ကုသိုလ်များ၊ ယနေ့ ယခု လှူဒါန်းရသော ကုသိုလ်များနှင့် နေ့စဉ်ပြုလုပ်ပေးနေသော ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်မေမေ- ဒေါ်အေး
ချစ်ခင်ပွန်း-ဦးမျိုးမြင့်ဦး
ချစ်သမီး- အေးငြိမ်းသူ(ခ)သဲလေး Pri; III C, I.L.B.C
နှင့် ညီမများ ရီရွှေ၊ ပဲပဲ၊ လုံးလုံး၊ မာ၊ သင်း၊ ယု။

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
ဖေဖေပါမောက္ခ ဒေါက်တာဦးအောင်ကြည်
စီမံထူးချွန် (ပထမဆင့်)
ဆေးပညာထူးချွန် (ဒုတိယဆင့်)

အနန္တ ကျေးဇူးရှင် ဖေဖေ မမျှော်လင့်ဘဲ ရုတ်တရက်အေးနဲ့သားသုံးယောက်ကိုခွဲခွာပြီး ထွက်သွားတာ ၁-၃-၂၀၀၄ဆို (၆)လပြည့်သွားပါပြီ။ ဖေဖေရဲ့ လုပ်ဆောင်ချက်တွေ၊ ပုံရိပ်တွေကို အေးနဲ့သားသုံးယောက် နေ့စဉ်နှင့်အမျှ သတိရ၊ ကြေကွဲ၊ လွမ်းဆွတ်တမ်းတလျက်ပါဖေဖေ၊ ဖေဖေအတွက်ရည်စူးပြီး နေ့စဉ်၊ လစဉ် ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို ဖေဖေ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ပါဖေဖေ။

ဖေဖေရေ အမျှ-အမျှ-အမျှ
ချစ်ဇနီး: -ဒေါ်ခင်ခင်အေး
ချစ်သားကြီး-သူရအောင်၊ အလုပ်သင်ဆရာဝန် (အင်းစိန်ဆေးရုံ)
ချစ်သားလတ်-နန္ဒအောင်၊ နောက်ဆုံးနှစ် (E/C) နည်းပညာတက္ကသိုလ်၊ရန်ကုန်
ချစ်သားငယ်-အာကာအောင် နဝမတန်း(ခ) အထက(၂)ကမာရွတ်။

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးတင်ရွှေ(ငြိမ်း)
O.T.S-(၃၁)
အသက်(၆၅)နှစ်

ချစ်လှစွာသောမိသားစုနှင့်ခွဲခွာသွားသည်မှာ ၁-၃-၂၀၀၄နေ့တွင် တစ်လပြည့်ခဲ့ပါပြီ။ ဖေဖေ့အတွက် ရည်စူးပြီးပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အစုစုကို ရောက်လေရာဘဝမှရရှိ သာဓုခေါ်ဆိုနိုင်ပါစေလို့ ဆုတောင်းအမျှဝေလျက်-

ဇနီး - ဒေါ်လှလှ
သားသမီးများနှင့်ချစ်မြေးများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်း (စုံစမ်းရေးမှူး စ-စ-စ)-ဒေါ်ဖြူဖြူစောတို့၏မိခင်ဖြစ်သူ ဒေါ်အေးသည် ၂၆-၂-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

M.C Electronic Centre.





ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းအမ
ဒေါ်ကျင်ရွှေ (၉၂)နှစ်
(ဗဟိုစည်)

ရန်ကုန်မြို့နေ ဦးကျော်၊ (ဒေါ်အေး)နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၂)ရပ်ကွက်၊ ဦးကြော့လမ်း၊ အမှတ်(၉၆၄)နေ ဦးအောင်သန်းရွှေ(MSI. Co., Ltd.)နှင့် ဒေါ်ကြည်အေး (အထက-၂၊ အလုံ၊ ငြိမ်း)တို့၏မိခင်၊ (ဦးလှအောင်)၏ ဇနီး၊ ဒေါ်ကျင်ရွှေ(ဗဟိုစည်)သည် ၂၆-၂-၂၀၀၄ရက် ည ၉း၃၀နာရီ တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၇-၂-၂၀၀၄ရက်တွင် ထားဝယ်ချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလွန်သျှင်မြတ်အမိန့်တော်ခံယူခြင်း
မဟာသရေစည်သူဦးဖေခင်
အသက်(၉၂)နှစ်
နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
အငြိမ်းစားသံအမတ်ကြီး
ဦးသျှောင်နာယက၊ မအဖဌာနချုပ်

ရန်ကုန်မြို့၊ အမှတ်(၈၁/အက်ဖ်)၊ စုပေါင်းလမ်း၊ အင်းယားမြိုင်နေ ဒေါ်မေမေခင်၏ ခင်ပွန်း၊ မဟာသရေစည်သူ ဦးဖေခင် (ဦးသျှောင်နာယက၊ မြန်မာ မွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်)သည် ၂၅-၂-၂၀၀၄ရက်တွင် အလွှာသျှင်မြတ်အမိန့်တော်ခံယူသွားပါ သဖြင့် ၂၆-၂-၂၀၀၄ရက် ဇဟိုရ်နမာဇ်အပြီး ညနေ ၃း၃၀နာရီတွင် သန်လျင်မြို့ ကာဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မ-အ-ဖဌာနချုပ်။

ပန်းချီဆရာကြီး ဦးအုန်းဖေ
(၈၈)နှစ် (ထားဝယ်)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ ခြံအမှတ်(၈၄)နေ ဒေါ်အုန်း၏ ချစ်လှစွာသောခင်ပွန်း အသင်းဝင်အမှတ်(၁၀၆၂)သည် ၂၆-၂-၂၀၀၄နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၀၄ရက် စနေနေ့ မွန်းလွဲ(၂)နာရီတွင် ရေဝေး အဝေးအတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ထားဝယ်အသင်းသူ၊ အသင်းသားများ လိုက်ပါ ပို့ဆောင်ကြပါရန်။

အမှုဆောင်ကော်မတီ။

ဘုရား၊ရဟန်း၊၊ ကျောင်း၊ဒါယကာကြီး
ဦးထွန်းရှိန်(ကျွဲကူး)
အသက်(၈၄)နှစ်
ကျောင်းအုပ်ဆရာကြီး (ငြိမ်း)
အမက(၁၁) အင်းစိန်

ထန်းတပင်မြို့နယ်၊ ကျွဲကူးကျေးရွာနေ (ဦးဘသိန်း-ဒေါ်ဖွားသင်)တို့၏ သား၊ ဦးဘတင်-ဒေါ်နှင်းယုံတို့၏ သားသမက်၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာလမ်းသွယ်(၂)၊ အမှတ်(၃၈)နေ ဒေါ်ချစ်ချစ်၏ ခင်ပွန်း၊ ဦးကြည်ဝင်း၊ ဒေါ်တင်စိန်၊ ဦးခင်နု-ဒေါ်မြင့်စမ်း၊ ဦးလွင်ဦး-ဒေါ်အေးအေး၊ ဦးခိုင်ဝင်း၊ (ဒေါ်သန်းသန်း)၊ ဦးဌေးဝင်း၊ ဒေါ်သိန်းသိန်းဝင်း၊ ဦးချစ်ရွှေ-ဒေါ်သီတာအေးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၀၄ရက် နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ ၂-၃-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမိုးသူရ(ခ)မောင်မောင်(ခ)
Charly
အသက်(၄၀)
B.Sc (Physics)
Neptume Co., Ltd.
Stema Bulk
Lizstre Enterprise Co., Ltd.
CYC. Co Ltd.

ဒေးဒရဲမြို့နေ ဆရာကြီး ဦးငွေဇင်-ဆရာမကြီးဒေါ်စိန်တင့်၊ ချောင်းဆုံမြို့၊ မရမ်းရွာနေ ဦးဘတင်-ဒေါ်သိုမြတို့၏မြေး၊ တိုက်(၃၅၇)၊ အခန်း(၁၂)နေ (ဦးသိန်းတင်၊ဌာနစိတ်မှူး၊ငြိမ်း၊PPSC)-ဒေါ်ကြည်ကြည် (လ/ထ ကထိက၊ YTTC)တို့၏ တစ်ဦးတည်းသောသား၊ [ဦးညီညီ၊ စစ်ဆေးရေးအရာရှိ(တ)ဧရာဝတီရုံး]-ဒေါ်ရွှေဇင်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၊ (ခွဲထောက်စိန်မြ)-ဒေါ်စိုးစိုးတို့၏ တူ၊ ဦးအောင်လွင်(စက်မှု-၁)-ဒေါ်ခင်လဲ့ဦး(စက်မှု-၁)၊ ဦးမျိုးသန့်ဇင်(ဒု/အကောက်ခွန်မှူး)-ဒေါ်ခိုင်ဇာမင်း၊ (ဦးမြင့်ခင် - ဒေါ်ဥမ္မာဇင်)၊ ကိုမျိုးမြင့်ဇင်(F.G)တို့၏မောင်/ညီသည် ၂၂-၂-၂၀၀၄ရက် မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမောင်နှမများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမောင်နှမများ။

ဒေါ်သန်းကြည် (၇၈)နှစ်
ကစလ–(ငြိမ်း)
(မော်လမြိုင်၊ နေးတေး)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊အုတ်လှငယ်လမ်း၊အမှတ်(၁၇၁)နေ (ဦးဘိုးဆိုင်–ဒေါ်မကြီး)တို့၏ သမီး၊ (ဦးချိန်–ဒေါ်အေးသင်)တို့၏ သမီးချွေးမ၊ (ဦးသိန်းလွင်)၏ဇနီး၊ အရာခံဗိုလ် တင်ညို (ကပစ–၁)–ဒေါ်လှညွန့်၊ ဦးကျော်ရွှေ–ဒေါ်သန်းဌေး၊ ဦးမြနောင်–ဒေါ်အေးဝင်း (ကစလ)၊ ဒေါ်မေသက်နွယ်၊ ဦးခင်မောင်ဝင်း – ဒေါ်နန်းညိုညိုထားတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၉–၂–၂၀၀၄ ရက် ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၂–၃–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထားဝယ်ချောင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ဝင်း အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ အုတ်တွင်းမြို့၊ ပြည်သူ့ဆေးရုံဝင်းနေ (ဦးအောင်သန်း)၏ဇနီး၊ ဦးမောင်မောင်သိန်းဇံ–ဒေါက်တာနွယ်နွယ်ဝင်း(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ အုတ်တွင်းမြို့)၏ မိခင်၊ ကိုဇေယျာ–မမာမာအေး၊ ကိုထက်အောင်ဝင်း–မနှင်းဆီကိုကို၊ မောင်ဝေယံအောင်(ခ) မောင်သီဟသူတို့၏အဘွားသည် ၂၈–၂–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁–၃–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင်အုတ်တွင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (၆၈)နှစ်
(မြိတ်)

မြိတ်မြို့၊ နောက်လယ်ရပ်(၃)လမ်း၊ အမှတ်(၁၀၆)နှင့် ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊(၆)လမ်း၊ အမှတ်(၂၈)နေ ဒေါ်ခင်မြင့်(ခ)ဒေါ်ဟာဇာလာ၏ခင်ပွန်း ဦးအောင်မြင့်သည် ၂၇–၂–၂၀၀၄ (သောကြာနေ့) နံနက် ၇:၂၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ၄နာရီတွင် ရေဝေးစွန္နီမွတ်ဆလင် ကာဘာရ်စတန်ဥယျာဉ်တော်တွင် ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညွန့်တင် (၆၄)နှစ်
ကုန်သွယ်ရေး(ငြိမ်း)
(မော်ဘီ)

မော်ဘီမြို့၊ ပြည်လမ်း၊ (၁)ရပ်ကွက်၊ အမှတ်(၉၆၁)နေ (ဦးအုန်းစိန်)–ဒေါ်မြိုင်တို့၏ သမီး၊ (ဦးပို–ဒေါ်ဖွားရှင်)တို့၏ သမီးချွေးမ၊ (ဦးကျော်)–ဒေါ်သိန်းချစ်၊ ဦးရှိန်ဝင်း–(ဒေါ်တင်တင်ငြိမ်း)၊ ဦးဟုတ်ဆိုင်၊ ဆရာမဒေါ်တင်ဥတို့၏ ညီမ၊ (ဦးတင်ငွေ)–ဒေါ်ခင်စီ၊ မန္တလေးမြို့နေ ဦးစိုးနိုင်(ဒုညွှန်မှူး၊ငြိမ်း)–ဒေါ်ခင်စောဝင်း၊ ဦးစိုးနိုင်–ဒေါ်ခင်ဆင့်၊ ဦးသောင်းညွန့်–(ဒေါ်အေးဝင်း)၊ ဗိုလ်မှူးလှမင်း(ငြိမ်း)–ဒေါ်နန်းငွေကြည်တို့၏ အစ်မ၊ တူမ၊တူမ ၂၂ယောက်၊ မြေး ၁၀ ယောက်တို့၏အဘွား၊ဗိုလ်ကြီးတင်မြိုင်(ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၂၈–၂–၂၀၀၄ရက် နံနက် ၈နာရီတွင် ကွယ်လွန်ပါ၍ ၁–၃–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မော်ဘီသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလှချို အသက်(၅၀)
(ဘိုကလေး)

ဘိုကလေးမြို့နေဦးလှမောင်–ဒေါ်ကြီးတို့၏ သား၊ ဦးမောင်ကို(အင်/ချုပ်၊ မြန်မာ့ရေနံ) ဒေါ်ခင်မာစိန်တို့၏ ညီ၊ (ဦးလှနိုင်)–ဒေါ်ခင်ချို(အမကစံကျောင်း)၊ ဒေါ်ခင်ပို(အမကစံကျောင်း)တို့၏မောင်၊ တူ၊တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၂၉–၂–၂၀၀၄ရက်နံနက် ၁၁:၀၃ နာရီတွင် ကွယ်လွန်ပါ၍၂–၃–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ဝေဘာဂီဆေးရုံ (မြောက်ဥက္ကလာပ)မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း။(ဆေးရုံမှကားများမွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောသိန်းဖိုးခိ (၃၇)နှစ်
(ဘားအံ၊ စစ်တွေ)

ဘားအံမြို့၊ (၄)ရပ်ကွက်၊ အင်ကုန်းလမ်းနေ (ဦးမန်းငြိမ်းဖေ)–ဒေါ်မြသန်းတင်တို့၏ သား၊ စစ်တွေမြို့၊ မောလိပ်ရပ်၊ ရေတွင်းလမ်းနေ (ဦးမောင်ကျော်ထွန်း)–ဒေါ်ဦးခင်တို့၏ သားသမက်၊ ဦးဉာဏ်စိုး–ဒေါ်နန်းဃွာခလုံး၊ ဦးသိန်းထွန်း၊ ဒေါ်နန်းခလုံးအွာစိန့်ဖောင်တို့၏ မောင်၊ စောစဒုံမွိုက်၊ စောလှမိုးဝေ–ဒေါ်နန်းအွာစိန့်ဖောင်တို့၏အစ်ကို၊ မလှလှမေ၏ ခင်ပွန်း၊ မဖူးပွင့်ဝေခိုင်(အလက–၇၊ စစ်တွေ)၏ မွေးသဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ ဦးလေးဦးစောသိန်းဖိုးခိသည် ၂၈–၂–၂၀၀၄ရက် နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်ပါ၍၁–၃–၂၀၀၄(တနင်္လာနေ့) တွင် ဘားအံမြို့ စက်ပစ်ကွင်း သုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်နု(၈၂)နှစ်
(အငြိမ်းစားဆရာမ)
St.John Convent နှင့် အထက–(၂)လသာ

ရွှေတောင်ကုန်းရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးချစ်)၏ ဇနီး၊ ဒေါ်အမာ၊ ဒေါ်တင်ဝင်းဝင်းခိုင်၊ (ဒေါ်သန်းသန်းချစ်)တို့၏ မိခင်၊ ကိုအောင်သူ–မငွေးနိုင်နိုင်၊ ကိုမိုးကျော်စွာ–မအဲလစ်ဇဘက်အဲန်ချစ်သာ၊ မနှင်းမြဦး၊ ကိုကျော်လင်းမင်း–မထားထားပါ၊ ကိုနိုင်ဦး၊ ကိုဇော်လွင်အောင်–မမေစုအောင်၊ ကိုရဲသူရသန်း–မအေးမိမိခိုင်တို့၏ အဘွား၊ မောင်အောင်ကျော်ဖြိုး၊ မသဲပြည့်မိုး၊ မောင်ကျော်ဇောဟိန်း၊ မောင်ကျော်စည်သူ၊ မောင်ထင်လင်းအောင်၊ မောင်အာကာမိုးမြတ်၊ မောင်ကောင်းမြတ်ထက်ခိုင်၊ မောင်မင်းခေါင်ကျော်စွာ၊ မအေးချမ်းလင်းလင်းမင်းတို့၏ဘွားဘွားကြီး၊ အမှတ်(၁၄၂)၊(၄၇)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ကျင်နုသည် ၂၈–၂–၂၀၀၄ရက် ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၉–၂–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

(ကွယ်လွန်သူအားရည်စူး၍ အမှတ်(၁၄၂)၊ (၄၇)လမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ ၃–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ ၉နာရီအတွင်း ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမေ (၇၆)နှစ်
(ဒိုက်ဦး)

ဒိုက်ဦးမြို့နယ်၊ အကြောင်ကျေးရွာနေ (ဦးဖိုးအို–ဒေါ်နွဲ့)တို့၏ သမီး၊ ဦးပသီ၏ ဇနီး၊(ဒေါ်အေးကြည်)၊ ဦးပြူး–(ဒေါ်ရှမ်း)တို့၏ ညီမ၊ (ဦးကုလား)–ဒေါ်မြရွှေ၊ (ဦးချစ်လှိုင်)–ဒေါ်မြငွေ၊ဦးပိုင်–ဒေါ်ခင်ထွေးတို့၏ အစ်မ၊ ဦးတင်စိုး[ဦးစီးအရာရှိ၊ စုံစမ်းရေး၊ စစစ၊ ရန်ကုန်တိုင်း(ရုံး)]–ဒေါ်ခင်အုန်းမြင့်(စီးပွား/ကူးသန်း)၊ ဦးစံလင်း–ဒေါ်တင်ရွှေ၊ ဒေါ်သန်း(အထက်တန်းပြ၊ဒိုက်ဦးအထက)၊ ကိုတင်ဦး–မသန်းဆင့်၊ ကိုကျော်စိုး–မနွဲ့နွဲ့ဝင်း၊ မညို၊ ကိုအောင်သန်းဦး–မချို၊ မောင်ဉာဏ်ထွန်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်မြမေသည် ၂၈–၂–၂၀၀၄ (စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၃–၃–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် အကြောင်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထန်းနိန်(၇၁)နှစ်

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ရိုးဖောင်းရွာနေ ဦးယွမ်းထန်း–ဒေါ်ချွဲတီး တို့၏ သား၊ ဦးနိန်ကီး၊ ဦးနိန်းလိန်း၊ ဒေါ်နိန်လူး၊ ဒေါ်နိန်ရှင်း၊ တကဆလိုင်းမနားနိန်(ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး)၏ ဇနီး၊ ဒေါ်နီနီလေးတို့၏ မွေးသဖခင်၊ မြေး၁၅ယောက်တို့၏ အဘိုးသည် ၂၈–၂–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် လ/၂၊ သရက်မြိုင်ရဲရိပ်သာ၊ မရမ်းကုန်းမြို့နယ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁–၃–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန် သုသာန်သို့ ပို့ဆောင်ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းပါမည်။(နေအိမ်မှကားများနံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးတင် အသက်(၅၀)
(ဒု–ရဲမှူး)
(ပျော်ဘွယ်)

အင်းစိန်မြို့၊ အမှတ်(၅၅)၊ လမ်းသစ်လမ်းနေ (ဦးတင်အောင်–ဒေါ်တင်အုန်း)တို့၏ သား၊ တောင်ငူမြို့နေ(ဦးဝင်းစိန်–ဒေါ်ချစ်မေ)တို့၏ သားသမက်၊ (ဒေါ်ခင်စောဝင်း၊ပျဉ်းမနား)၊ ဒေါ်ကြူကြူစိန်တို့၏ခင်ပွန်း၊ ဆွေသဇင်အေး၊ ကျော်သူရအေး၊ စောဝေလင်း၊ အေးချမ်းကို၊ အေးမြတ်မွန်၊ ရဲနိုင်ထွန်း၊ စုရည်သန်းထိုက်၊ ဇေရီသန်းထိုက်၊ မေဖြိုးခိုင်၊ ပြည့်ဖြိုးကျော်၊ ပိုင်ဖြိုးကျော်တို့၏ ဘကြီး/ဦးလေးသည် ၂၉–၂–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး အသည်းအထူးကုဌာနတွင် ကွယ်လွန်သွားပါ၍ ၂–၃–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်ဇော်(ခ)ဇော်ကြီး အသက်(၃၆)နှစ်
(မွေ့ဇောတိရိပ်သာ၊ ယောဂီဟောင်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလိပ်ပြာအိမ်ရာ၊ တိုက်(၁)၊ အခန်း(၁၀၅)နေ (ဦးမြိုင်–ဒေါ်ညွန့်တင်)တို့၏ မြေး၊ ဦးတင်မြင့်(ခ)ဦးပညာဝံသ (စိတ္တသုခကျောင်း၊ ဗားဂရာကျောင်းတိုက်)၊ ဒေါ်ခင်အေးတို့၏ သား၊ ကိုကျော်လွင်–မအေးအေးမြင့်၊ ကိုကျော်သူ–မမြင့်မြင့်ဦး၊ ကိုအေးမြင့်–မသီတာ၊ မနီနီ၊ ကိုဝင်းကြည်–မစန္ဒာတို့၏ ညီ/မောင်၊ ကိုအေးထွန်း၊ မဝါဝါလှိုင်၊ မမြတ်မြတ်မိုး၊ မောင်ဝေလင်းအောင်၊ မမြမြအေး၊ မောင်သူရဇော်တို့၏ အစ်ကိုသည် ၂၈–၂–၂၀၀၄ ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်ပါ၍ ၁–၃–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြင့်(ခ)စိတ်ခွေးကို အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ထူပါရုံ(၃)လမ်းအနောက်၊ အမှတ်(၃၁)နေ (ဒေါ်စောတင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်(ကျောက်မျက်ရတနာ၊ငြိမ်း)–ဒေါ်ကြင်ရွှေ၊ ဦးကြင်သိန်း(ဆည်မြောင်းဦးစီး) –ဒေါ်ခင်အေး၊ ဦးတင်ရွှေ (ရေကြောင်းဦးစီး၊ငြိမ်း)–ဒေါ်အုန်းကြင် (ရေကြောင်းဦးစီး)၊ ဦးလှခင်(ရှမ်းပြည်နယ်–ထွေ/အုပ်)–ဒေါ်ဘေဘီအေး၊ ဒေါ်သင်းသင်းဌေး၊ ဦးအောင်မြင့်–ဒေါ်မေရီညွန့်၊ ဦးစန်းမြင့်–ဒေါ်အေးအေးမြင့်၊ ဦးတင်ထွန်း–ဒေါ်ချိုချိုမြင့်၊ ဦးမျိုးမြင့် (Fitter,East Wind Co., Ltd)–ဒေါ်ညွန့်ညွန့်ရှိန်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၂၆ယောက်၊ မြစ် ၁၄ယောက်တို့၏ အဘိုးသည် ၂၈–၂–၂၀၀၄(စနေနေ့)တွင်ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်(၇၂)နှစ်
မြို့နယ်ပညာရေးမှူး(ငြိမ်း)
ကျောက်ဖြူ

ကျောက်ဖြူမြို့နေ ဦးငမဲ–ဒေါ်လှမိုးသူတို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်အေးညွန့်၏ခင်ပွန်း၊ ဦးကျော်ဇော၊ ဒေါ်ဝင်းဝင်းကျော်၊ဦးမြင့်အောင်–ဒေါ်မူမူလွင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၉–၂–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၀:၁၈နာရီတွင် သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၉၁၆)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂–၃–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငုတ်ရီ(ခ)ဒေါ်ဝင်းရီ
(ကျုံကူး)
အသက်(၆၅)နှစ်

ပုသိမ်မြို့၊ရွှေစေတီလမ်း၊အမှတ်(၁၉)နေ (ဦးဝါးချွန်–ဒေါ်ကျင်ပြေ)တို့၏သမီး၊ (ဦးကင်းစိန်)–ဒေါ်ရန်လေး၊ (ဦးကောက်လျံ)၊ ဒေါ်ငုတ်ကြည်(ခ)ဒေါ်စောအေးတို့၏ညီမ၊ ဦးစိန်သွင် (တိုင်းငွေစာရင်းမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ငြိမ်း)–ဒေါ်ခင်ထွေး (အထက–၄၊ပုသိမ်၊ငြိမ်း)၊ ဦးဌေးလွင်–ဒေါ်တင်နွယ်အေး (ကျောင်းအုပ်ကြီး၊အထက–၂၊ပုသိမ်)တို့၏ အစ်မ၊ ဒေါ်ခင်လေးသွင် (ပုသိမ်ကွန်ပျူတာကောလိပ်)၊ မောင်ကောင်းမြတ်စိုး၊ မဆွေဆွေသွင် (မကွေးဆေးတက္ကသိုလ်) တို့၏အဒေါ် ဒေါ်ငုတ်ရီ(ခ) ဒေါ်ဝင်းရီသည် ၂၉–၂–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၃–၂၀၀၄(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်အထက်ပါနေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးညီညီထွေးဇော်(၄၄)နှစ်
B.A,H.GP,R.L

ရန်ကုန်မြို့၊ တိုက်(၇)၊ အခန်း(၆)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (သခင်ခင်ဇော်–ဒေါ်သန်းသန်း)တို့၏ သားထွေး၊ ဦးခင်မောင်ဇော်၊ ဦးမော်သန်း၊ ဒေါ်တင်မာမာဇော်၊ (ဦးကျော်ဝင်းမောင်)၊ ဒေါ်အေးအေးဇော်၊ ဒေါ်ဌေးဌေးဇော်၊ (ဦးမြင့်ဇော်)၊ ဒေါ်အေးအေးသန်းဇော်၊ ဒေါ်မာလာသန်းဇော်၊ ဒေါ်ဥမ္မာခင်ဇော်တို့၏ညီ/မောင်သည် ၂၈–၂–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်အေးကြွယ် အသက်(၇၀)
(ဒိုက်ဦး၊ မော်လမြိုင်)

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းနေ (ဦးအုန်းကျင်–ဒေါ်ငြိမ်း)တို့၏သမီးကြီး၊ ဦးမြင့်သန်း(ရုံပိုင်ကြီး)–ဒေါ်ခင်ခင်စိန်တို့၏အစ်မကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၁၃၅)၊ မင်းလမ်းနေ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(အငြိမ်းစား)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်–ဒေါ်နိုင်နိုင်မြင့်၊ဦးလှထွဋ်မြင့်၊ဦးတင်ထွဋ်မြင့်–ဒေါ်လှလှဝင်း၊ဗိုလ်မှူးမြင့်ဌေး–ဒေါ်ဌေးဌေးမြင့်တို့၏ မွေးသမိခင်၊ မောင်ဇေယျာမောင်မောင်၊ မယမင်းမောင်မောင်၊ မောင်စည်သူဝင်းထွဋ်၊ မောင်ကျော်သူဝင်းထွဋ်၊ မအိချမ်းမြေ့ခင်၊ မငွေဧကရီဦး၊ မရတနာမြင့်ဌေးတို့၏ အဘွားသည် ၂၈–၂–၂၀၀၄ (စနေနေ့) နံနက် ၆:၄၀နာရီတွင် ဒိုက်ဦးမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဒိုက်ဦးမြို့ သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဇော်တင့်(ကိုထူး) (၅၉)နှစ်
Chief Engineer

ဦးဘရွှေ–ဒေါ်မြသိန်းတို့၏ သား၊ (ဦးခင်မောင်လတ်)–ဒေါ်ညိမ်းညိမ်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊အမှတ်(၂/ခ)နေ ဒေါ်ခင်မေလတ်၏ ခင်ပွန်း၊ ဦးဇော်လတ် (နည်းပြသချာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မမေသက်နွယ်တို့၏ ချစ်လှစွာသောဖခင်၊ ဦးတင်ထွဋ်–ဒေါ်ခင်ဆွေလတ်၊ ဦးသူရ–ဒေါ်ညွှန့်ညွှန့်ဝေတို့၏ အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဘကြီးသည် ၂၇–၂–၂၀၀၄(သောကြာနေ့) ညနေ ၅:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၃–၂၀၀၄(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းအမကြီး
ဒေါ်ဝင်း(ခ) ဒေါ်စံဝင်း အသက် (၈၈)နှစ်
(ရေကျော်)

ရန်ကုန်မြို့၊ အမှတ်(၆)၊ နှင်းပန်းလမ်း၊ ရေကျော်၊ပုဇွန်တောင်နေ ဦးလူကြီး–ဒေါ်လှကြာဖြူတို့၏ သမီး၊ (ဦးစံထွန်)၏ ဇနီး၊ ဒေါ်အေးကြည်–ဦးဘိုးသာ၊ (ဒေါ်တင်အောင်) (ဦးထွန်းအောင်၊ ကပရ) ဒေါ်ကြည်ကြည်ဝင်း (သ/မ–ဦးစီး)၊ ဦးထွန်းဝင်း(ပြည်တွင်းအခွန်)၊ ဒေါ်မြမြစိန်တို့၏ မိခင်၊ ဦးဒိုးအောင်ကျော် (နိုင်ငံခြားချော၊ ငြိမ်း)၏ အစ်မသည် ၂၉–၂–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၂–၃–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုရဲမှူးစိုးတင် အသက်(၅၀)
မောင်တော
(ပျော်ဘွယ်)
ယခင်ရထား ရဲတပ်ဖွဲ့(အင်းစိန်)

အင်းစိန်မြို့၊ အမှတ် (၅၅) လမ်းသစ်လမ်းနေ (ဦးတင်အောင်–ဒေါ်တင်အုန်း)တို့၏ သား၊ တောင်ငူမြို့နေ ဦးဝင်းစိန်–ဒေါ်ချစ်မေတို့၏ သားသမက်၊ ဦးအေးဖေ–ဒေါ်ဆွေဆွေရှိန် (သ/မ ဦးစီး ငြိမ်း)၏ ညီ၊ ရဲအုပ်တင်ထွန်း–ဒေါ်ယဉ်ယဉ်မြင့် (ရဲအုပ်၊ငြိမ်း)၊ ဗိုလ်မှူးသန်းထိုက် (သံမှူးကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ခိုင်မြတ်ချစ် (ပ–အတွင်းဝန်၊ နိုင်ငံခြားရေး) (ဦးညီညီဝင်း၊ ရဲအုပ်)၊ ဒေါ်မာမာအေး (အမက–၁၁၊ကျောက်ဆည်မြို့)၏ အစ်ကို (ဒေါ်ခင်စောဝင်း၊ ပျဉ်းမနား) ဒေါ်ကြူကြူစိန်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရန်အောင်စိုး၊ မောင်အောင်မျိုးသန့်တို့၏ ချစ်လှစွာသောဖခင်၊ ဒုရဲမှူးစိုးတင်သည် ၂၉–၂–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး အသည်းအထူးကုဌာနတွင် ကွယ်လွန်သွားပါ၍ ၂–၃–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊
တံခွန်တိုင်ဒါယကာကြီး
ဦးဥတ္တမ
ဦးအိုက်စံ(ခ)ဦးကောင်းစံ အသက် (၄၉)နှစ်
(မန္တလေး)

နမ္မတူမြို့နေ (ဦးအိုက်ဆန့်–ဒေါ်ရွှဲ့ဆိုင်)တို့၏ သား၊ မန္တလေးမြို့နေဦးစိန်–ဒေါ်လှမြင့်တို့၏ သားသမက်၊ မန္တလေးမြို့၊ အဝေရာသစ်ခွခြံနေ ဦးကြည်ဝင်း–ဒေါ်အေးမောက်တို့၏ မောင်၊ ဦးမြင့်စိုး–ဒေါ်အဲခွမ်တို့၏ အစ်ကိုကြီး၊ မန္တလေးမြို့ ချမ်းမြသာစည်ရပ်ကွက်၊ မြို့သစ် ၆၂လမ်းနှင့် ဒေလီယာလမ်းထောင့်၊ ရွှေပင်ဆင့်ဒဂုံဘီယာဆိုင်၊ အမှတ်(၃၆)နေ ဒေါ်ခင်ခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဇင်မိုးဦး (ဒုနှစ်–Eco)၊ မင်းသန့်ဇင် (VI၊ အလက–၁၇၊မန္တလေး)၊ သက်ဇင်စံ (II၊ အလက–၁၇၊မန္တလေး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ တူ၊တူမ ၂၀ ယောက်တို့၏ ဦးကြီးသည် ၂၉–၂–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၃–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် မန္တလေးမြို့ ကြာနီကန်ယူနန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဦးရွှေခိုင်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊မာန်ပြေ(၁၂)လမ်းအနောက်၊ အမှတ် (၅၀၅)နေ ဒေါ်အုံးကျင်၏ခင်ပွန်း အသင်းဝင် ဦးရွှေခိုင်သည် ၂၈–၂–၂၀၀၄ရက်တွင်ကွယ်လွန်ပြီး ၁–၃–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ရဟန်းဒါယိကာမကြီး
ဒေါ်အေးမြိုင် (၇၁)နှစ်

ညောင်လေးပင်မြို့နေ (ဦးသာဆင့်–ဒေါ်သင်းသင်း)တို့၏ သမီး၊ (ဦးထွန်းရွှေ–ဒေါ်ကျင်မြိုင်)တို့၏ သမီးချွေးမ၊ ဦးတင်အောင်၊ ဒေါ်ပန်းမြိုင်တို့၏ ညီမ၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ဗိုလ်ဉာဏလမ်း၊ အမှတ်(၃၀/က)နေ (ဦးလှတင်)၏ ဇနီး၊ ဦးကျော်မြင့်–ဒေါ်ခင်မြင့်ဝေ၊ ဦးစံရွှေ–ဒေါ်ခင်မြင့်မေ၊ (ဦးကျော်မြင့်)–ဒေါ်မော်ဒီမြင့်၊ ဦးအောင်သန်း–ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်နှင်းဖြူ၊ ကိုတင်မောင်ထွန်း(ဝေဖြိုးအလှပြုပြင်ရေး)၊ ဦးသန်းဌေး–ဒေါ်ခင်ဌေးရီ၊ မခင်သီတာ၊ ကိုတင်ဇော်ထွန်းတို့၏ မိခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၈–၂–၂၀၀၄ရက် နံနက် ၃:၃၀နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁–၃–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နုနုမိုး (၄၄)နှစ်
(ကညန)

တိုက်(၁)၊ အခန်း(၄)၊ ကြို့ကုန်းရိပ်သာ၊ အနောက်ကြို့ကုန်း၊ ဗဟိုလမ်းနေ (ဗိုလ်မှူးဖီးလ်မိုး–ဒေါ်မေရီမိုး)တို့၏ ဒုတိယသမီး၊ ယုယုမိုး၏ ချစ်လှစွာသော ညီမလေး၊ အောင်မြတ်မိုး၊ ဝင်းမိုးမိုး–အောင်တင်ဆင့်၊ သူဇာမိုး–သူရဝင်း၊ ဗိုလ်မှူးဝင်းသူ–ဒေါ်ဖြူဖြူချိုတို့၏ ချစ်လှစွာသော အစ်မ၊ စစ်မိုးဦး၊ သွေးမိုးဦး၊ ကောင်းဆင့်ဝင်း၊ အောင်ခန့်၊ ကြူလဲ့သူ၊ ချိုယမင်းသူတို့၏ အဒေါ်သည် ၂၈–၂–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁–၃–၂၀၀၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ခရစ်တော်ဘွဲ့နာမခံဘုရားကျောင်း (အင်္ဂလီကန်) မင်းကြီးလမ်း၊ အင်းစိန်တွင် ဝတ်ပြုကိုးကွယ်ပြီး နံနက် ၁၁နာရီ တွင် ရေဝေးဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးတင်မောင်ဝင်း(ငြိမ်း) အသက်(၄၀)
ဒု–ညွှန်ကြားရေးမှူး(စီမံ)
ဆည်မြောင်းဦးစီးဌာန

အမှတ်(၂၁၁)၊ ၄၀ါလမ်းသွယ်(၂)၊ သုဝဏ္ဏနေ ဗိုလ်မှူးချုပ်အောင်ဝင်း–ဒေါ်မြဦးတို့၏သားလတ်၊(ဦးကျော်ချို)–ဒေါ်အုန်းငွေတို့၏သားသမက်၊ ဒေါ်ညိုညိုဝင်း (သမဝါယမဝန်ကြီးဌာန)၏ မောင်၊ ကိုသန့်ဇင်အောင်၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၆)၊ ဆည်မြောင်းလမ်း၊ (၈)မိုင်၊ မရမ်းကုန်းနေ ဒေါ်ဇင်မာ၏ ခင်ပွန်း၊ မနေခြည်ဝင်း(တတိယတန်း၊ ရန်ကင်း၊ TTC)၏ဖခင်ဗိုလ်မှူးတင်မာင်ဝင်း (ငြိမ်း) သည် ၂၈–၂–၂၀၀၄ရက် ညနေ ၃:၁၅ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင်ကွယ်လွန်ပါ၍ ၁–၃–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဓမ္မပါလ
သိက္ခာတော်(၅၄)ဝါ၊ သက်တော်(၇၅)နှစ်
(သိုက်တော–ပုတီးကုန်း)

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သပြေလှအုပ်စု၊ သိုက်တောကျောင်းတိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဓမ္မပါလမထေရ်မြတ်သည် (၁၃၆၅ခုနှစ်၊ နတ်တော်လကွယ်နေ့) ည ၁၀:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်) ၃–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဒေါ်ခင်ကြည် (၈၈)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်)၏ ဇနီး၊ ဒေါ်နုနုဝင်း(အထက–၁၊ ပန်းဘဲတန်း)၊ ဦးခင်မောင်ဝင်း–ဒေါက်တာဆွေဆွေဝင်း(ဆေးရုံအုပ်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး)၊ ဦးခင်မောင်ကြည်တို့၏ မိခင်၊ မခင်ထက်ထက်ကျော်၊ မောင်ဖြိုးသက်ထွန်းတို့၏ အဘွားသည် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ၂၈–၂–၂၀၀၄ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အင်းစိန်ဆေးရုံမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊
တန်ဆောင်း၊ ဇရပ်ဒါယိကာမကြီး
ဒေါ်ခင်သန်း (၆၅)နှစ်
လှိုင်မိသားစုသစ်ရောင်းဝယ်ရေး(အုန်နွဲ့)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အုန်နွဲ့ကျေးရွာနေ (ဦးဖိုးချစ်–ဒေါ်အုန်းကြည်)တို့၏ သမီး၊ (ဦးစံညွန့်–ဒေါ်သောင်းညွန့်)တို့၏ သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၇၁)နေ (ဦးခင်လှိုင်၊ လှိုင်မိသားစုသစ်ရောင်းဝယ်ရေး)၏ဇနီး၊ ကိုအေးလွင်–မမူမူခင်(ရဲရင့်အောင်သစ်ရောင်းဝယ်ရေး)၊ ကိုဇော်လှိုင်–မအေးအေးခိုင်၊ ကိုတိုးလှိုင်–မဝင်းသီတာ၊ ကိုထွန်းထွန်းလှိုင်၊ ဦးသန်းလှိုင်ထွေးတို့၏ မွေးသမိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၈–၂–၂၀၀၄(စနေနေ့)တွင် ကွယ်လွန်ပါ၍ ၁–၃–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဇော်တင့်(ကိုထူး)
Chief Engineer
အသက်(၅၉)နှစ်

ဦးဘရွှေ–ဒေါ်မြသိန်းတို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂/ခ)နေ (ဦးခင်မောင်လတ်)–ဒေါ်ညိမ်းညိမ်းတို့၏သားသမက်၊ ဒေါ်ခင်မေလတ်၏ ခင်ပွန်း၊ ဦးဇော်မြင့်–ဒေါ်ခင်မေလှိုင်၊ ဒေါ်ခင်နှင်းအေးတို့၏ ညီ/မောင်၊ ဦးဇော်ဆန်း–ဒေါ်စန်းစန်းရီ၊ ဦးစိုးနိုင်–ဒေါ်ခင်မြသွယ်၊ ဒေါ်ခင်မြနွယ်၊ ဒေါက်တာဦးဦးဟန်–ဒေါ်ခင်မြဝေ၊ ဒေါ်ခင်မြရွှေ၊ ဒေါ်ခင်မြလွင်၊ ဦးဇော်မင်း–ဒေါ်လဲ့လဲ့အေး၊ ဦးဇော်လင်းတို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၇–၂–၂၀၀၄ (သောကြာနေ့) ညနေ ၅:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၃–၂၀၀၄ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်ပြည့်ဖြိုးကျော်(၁၆)နှစ်
ဒသမတန်း(က)
အထက(၃) စမ်းချောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁၂)ပထမထပ်နေ (ဦးမောင်မောင်)–ဒေါ်ရီရီ၊ ဦးကိုကို–(ဒေါ်ခင်မြင့်)တို့၏မြေး၊ ဦးအေးကျော်(ရာဇဝဥပဒေနည်းပြ)–ဒေါ်သန်းသန်းဌေး(အထက–၃၊စမ်းချောင်း)တို့၏ သားငယ်၊ မဇွန်ပွင့်(နောက်ဆုံးနှစ်၊ စီးပွားရေးတက္ကသိုလ်)၏ မောင်လေး၊ ဒေါ်သက်သက်ရီ(ငြိမ်း၊ အထက–၁၊ ကြည့်မြင်တိုင်)၊ ဦးရင်ဖေ–ဒေါ်သန်းသန်းမေ၊ ဦးစိုးသိန်း–ဒေါ်လေးခင်၊ ဦးအောင်ခင်–ဒေါ်လေးခင်၊(ဦးတင်မြင့်)၊ (ဦးကျော်မြင့်)–ဒေါ်ခင်စောဝင်း၊ ဦးအောင်ကိုဇော်–ဒေါ်ချောချောတို့၏ တူသည် ၂၈–၂–၂၀၀၄ (စနေနေ့) နံနက် ၂:၁၆နာရီတွင် ရန်ကုန်ဆေးရုံကြီး သွေးရောဂါအထူးကုဌာနတွင် ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်ထွန်း(ခ)ဦးတင်အေး အသက်(၈၄)နှစ်
လွှတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
(စစ်မှုထမ်းဟောင်း)
လယ်စိုက်ရှင်(ရပ်စောက်မြို့) (ငြိမ်း)

သရက်မြို့၊ ဥယျာဉ်တန်းလမ်းနေ (ဦးအောင်ခင်–ဒေါ်သက်ရှည်)တို့၏ သား၊ ရပ်စောက်မြို့၊ မြေနီကုန်းကျေးရွာနေ ဒေါ်မြကြည်၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၁၃)နေ ဦးကျော်ညွှန့်–ဒေါ်ဝင်းမာ၊ မွန်ပြည်နယ်၊ မုဒုံမြို့နေ ဦးထွန်းလွင်–ဒေါ်ခင်ခင်ဦး၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်းနေ ဦးသောင်းစိန်–ဒေါ်အေးအေးခိုင်၊ ရပ်စောက်မြို့နေ ဦးသောင်းညွန့်–ဒေါ်မေဝင်း၊ ကိုကျော်မြင့်တို့၏ ဖခင်၊ မြေး ၁၆ယောက်တို့၏ အဘိုးသည် ၂၈–၂–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျောင်းကုန်းလမ်းနေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်စောဦး(ခ)ဒေါ်မခွေး အသက်(၈၈)နှစ်
(စစ်တွေ)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းနေ (ဦးမြသာထွန်း–ဒေါ်ရှင်မ)တို့၏ သမီးကြီး၊ (ဦးအေးမောင်)၏ ဇနီး၊ (ဒေါ်မမရှီ)၊ ဒေါ်ကျော့စိန်တို့၏ အစ်မကြီး၊ စစ်တွေမြို့နေ ဦးမောင်ကျော်စိန်–ဒေါ်ဦးမေ၊ ရန်ကုန်မြို့နေ (ဦးသန်းစိန်)–ဒေါက်တာခင်ခင်ယု၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း (အထက်လမ်း)၊ ဒုတိယထပ်နေ ဦးလှကြည်–ဒေါ်နှင်းအေးခိုင်(ခ)ဒေါ်ကံကြီးမေ (မင်္ဂလာဈေး)၊ ဦးစံလှကျော်–ဒေါ်သိန်းတင်၊ ဦးကျော်သာတို့၏ မိခင်ကြီး၊ ဦးလှကျော်၊ ဒေါ်မေမေသန်း၊ မခင်မြမြစိန် (သစ်ဆန်းမိတ္တူ)၊ (မောင်သူရစိန်)–မမိုးမိုးနွယ်(ကောင်းခန့်မိတ္တူ)၊ ဒေါက်တာကျော်လှစိန်၊ ဦးမောင်မောင်ထွန်း–ဒေါ်သိင်္ဂီစိန်(သစ်ဆန်းမိတ္တူ)၊ မခိုင်လဲ့လဲ့ကြည်၊ မအေးသီတာခိုင်၊ မတင်သန္တာကျော်၊ မောင်တင်အောင်ကျော်၊ မောင်သန့်ဇင်မိုး၊ မတင်တင်ကျော်တို့၏ အဘောင်ရှင်၊ မြစ် လေးယောက်တို့၏ အဖီးရှင်သည် ၂၈–၂–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကုသဆောင်တွင် ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

[အမှတ်(၁၁၈)၊ (၄၁)လမ်း၊ (အထက်လမ်း)၊ ဗိုလ်တထောင်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း အသက်(၇၀)
စိန်မင်းသမီးမုန့်တိုက်

ကျောက်ပန်းတောင်းမြို့နယ်၊ တလင်းကုန်းကျေးရွာနေ (ဦးဘိုးပြူး–ဒေါ်သွေး)တို့၏သား၊ တောင်ဒဂုံမြို့နယ်နေ ဦးဝင်းလွင်–(ဒေါ်ထွေး)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် (၁၀)လမ်းနေ [ဦးဝင်းနိုင်(ခ)ဦးသီဟစိုး]–ဒေါ်ရွှေမြ၊ဦးမြင့်နိုင်–ဒေါ်အေးအေးသင်း၊ ဦးစိုးနိုင်–ဒေါ်မြတ်မွန်စိုး၊ ဒုအရာခံဗိုလ်မောင်မောင်–ဒေါ်ခင်စန်းရီတို့၏ မွေးသဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်မြရီ၏ ခင်ပွန်းသည် ၂၈–၂–၂၀၀၄ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်အမှာစကားမှ ကောက်နုတ်ချက်

- ☆ ကော့သောင်းခရိုင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးပမ်းအားထုတ်
- ☆ စိုက်ပျိုးမြေတိုးချဲ့၊ အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ဒေသဆန် ဖူလုံအောင်ကြိုးပမ်း
- ☆ မီးဖိုဆောင်သုံးသီးနှံများကို ဖြစ်နိုင်သမျှ တိုးချဲ့စိုက်ပျိုး
- ☆ စိုက်ပျိုးမြေကို အပြည့်အဝ အသုံးချပြီး ဒေသနှင့် ကိုက်ညီသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်
- ☆ ဒေသ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးရန် ထိထိရောက်ရောက်လုပ်ကိုင်
- ☆ ဆီအုန်းစိုက်ဧက ငါးသိန်း အပြည့်အဝရရှိရေး နှစ်အလိုက် မှန်မှန်ကန်ကန် ဖိဖိစီးစီး စိုက်ပျိုး
- ☆ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နိုင်ငံ၌ စားသုံးဆီ ဖူလုံရမည်ဆိုသည့် မျှော်မှန်းချက်ထား

☆ ရှေ့ဖုံးမှ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆရာတော်ကြီးများအား ကျန်းမာရေးနှင့် သာသနာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘာသာရေးဝတ်အသင်း အဖွဲ့ဝင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက်ဘက် ၁၁ နာရီခွဲတွင် ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ တနင်္သာရီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင်နှင့် ကော့သောင်း မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ကော့သောင်းခရိုင်၏ အကျယ်အဝန်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ ဖွဲ့စည်းတည်ရှိမှု၊ ခရိုင်အတွင်း အခွန်အရပ်ရပ်ကောက်ခံရရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆီအုန်း စိုက်ပျိုးရေးစီမံကိန်း ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်း စိုက်ပျိုးရေးစီမံကိန်းတွင် ကြည့်ရှုကြစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)